# ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ထန်တလန်မြို့တွင် ကျင်းပမည်

၁၄ ဖေဖော်ဝါရီ ၂၀၁၇




ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC အစည်းအဝေး

ဆိုင်းငံ့ခံခဲ့ရသော ချင်းအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို အစိုးရဘက်မှ ဖေဖော်ဝါရီ ၁၃ ရက်နေ့က ပြန်လည်ခွင့်ပြုလိုက်ပြီးချင်းပြည်နယ် ထန်တလန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဟု ချင်းအမျိုးသားတပ်ဦး CNFဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကပြောသည်။

“ကာချုပ်နဲ့နိုင်ငံတော်အတိုင်ပင်ခံတို့ဘက်က သဘောတူပြီး ပြီဆိုပြီးတော့မနေ့ညကဘဲငြိမ်းချမ်းရေးကော်မရှင်က ကျနော့ဆီကို အကြောင်းကြားထားပါတယ် အကြမ်းဖျင်းကျနော်တို့စဉ်းစားထားတာကတော့ ဖေဖော်ဝါရီလ ၂၃၊ ၂၄၊ ၂၅ မှာ ကျင်းပဖို့ ပြင်ဆင်ထားပါတယ်၊ အတည်တော့ မဟုတ်သေးဘူး၊ ဆက်ပြီးတော့ ဆွေးနွေးရမှာပါ ဒါပေမယ့် ဖြစ်နိုင်ခြေများပါတယ်၊ ဘာလို့လဲဆိုတော့ ကျနော်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မတ်လ ပထမပတ်အတွင်းမှာ ကျင်းပမယ်ဆိုလို့ရှိရင် အဲဒီအတွက်ကြောင့် ကျနော်တို့–အနေနဲ့ ပြင်ဆင်မှုလည်းလုပ်ထားပါတယ်”ဟု CNFဒုဥက္ကဋ္ဌကပြောသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘာတူစာချုပ်အရ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အဆင်သင့်ဖြစ်ပါက မိမိတို့ဒေသတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်သည်ဟု UPDJC က အစောပိုင်းတုန်းက ဆုံးဖြတ်ထားပြီး၊အခြားတိုင်းရင်းသားလက်နက်ကိုင်များအား ကျင်းပခွင့် ပြုခဲ့သော်လည်း နိုင်ငံရေးနှင့် နယ်မြေအနေအထားကြောင့်ဟုဆိုကာ ချင်းနဲ့ရခိုင်ပြည်နယ်ကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စကြောင့် ၂၁ ရာစုပင်လုံညီလာခံအစည်းအဝေးမတက်ရန် စဉ်းစားနေကြောင်း CNF ဘက်မှ ထုတ်ဖော်ပြောဆိုလာသလို ချင်းနိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ချင်းအမျိုးသားနိုင်ငံရေး ဆွေးနွေးမှု ပူးပေါင်းကော်မီတီမှလည်း တောင်းဆိုမှုများပြုလုပ်လာသည့်နောက်ပိုင်း တစ်ပတ်အကြာ ဖေဖော်ဝါရီ ၁၃ နေ့က ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဒေါက်တာလျန်မှုန်းဆာခေါင်းက “ကျနော်တို့ဘက်မှာ ဆောင်ရွက်သင့်တာပြင်ဆင်သင့်တာအားလုံးပြင်ဆင်ခဲ့ပြီးပြီ၊ အဲဒီပြင်ဆင်နေတဲ့ဟာကိုလည်း ကျနော်တို့ ထပ်ပြီးတော့တင်ပြတာဖြစ်တယ်၊ အဲဒီမှာ အစိုးရဘက်က နည်းနည်း အဆင်သင့်မဖြစ်တဲ့အပေါ်မှာ နှောင့်နှေးတာဖြစ်တယ်၊ ကျနော်တို့ဘက်က အဆင်သင့်ဖြစ်ပါရက်နဲ့ ဘာဖြစ်လို့ လည်းဆိုတဲ့ မေးခွန်းတွေက ထွက်လာတာဖြစ်တယ်၊ ခုကတော့ အားလုံးအဆင်ပြေပါပြီ၊ အစိုးရဘက်ကလည်း ခွင့်ပြုချက်ရပြီ ကျနော်တို့ဘက်ကလည်း ပြင်ဆင်မှုတွေအတိုင်း အတာတခုထိ လုပ်ထားပြီဆိုတော့ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု ခိုနူမ်းသုန်သတင်းဌာနကိုပြောသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်ပနိုင်ရန်အတွက် ချင်းပြည်နယ်တွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးမှု ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းအတွက် CNFဘက်မှ အဆင်သင့်ဖြစ်နေပြီဟု လည်းသူကဆက်ပြောသည်။

“နံဘတ် ၁ အနေနဲ့ လိုအပ်နေတာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ သူ့ရဲ့ညွှန်ကြားချက်အတိုင်း ချင်းပြည်နယ်ရဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီမှာပါမယ့်သူတွေကို ရွေးချယ်ရမှာဖြစ်ပါတယ် ကျနော်တို့ CNF ကတော့ ရွေးပြီးပြီ အဲဒါကို ကျနော်တို့ ဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ် ဘာမှအခက်အခဲမရှိတော့ဘူးလို့မြင်ပါတယ်” ဟု CNF ဒုဥက္ကဋ္ဌကပြောသည်။■

# ကြားဖြတ်ရွေးကောက်ပွဲအတွက် CNDP မဲဆွယ်စည်းရုံးရေးစတင်

၁၀ ဖေဖော်ဝါရီ ၂၀၁၇




(ဓာတ်ပုံ– The Chinland Post)

ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (CNDP)ပါတီက ချင်းပြည်နယ် ထန်တလန်မြို့တွင် မဲဆွယ်စည်းရုံးမှုစတင်နေပြီဟုသိရသည်။

လစ်လပ်မဲဆန္ဒနယ်မြေ တစ်နေရာသာရှိသော ချင်းပြည်နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ထန်တလန်မြို့နယ်တွင် ကျင်းပမည်ဖြစ်ပြီး ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီမှ ဒေါ် Za Tlem၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦး Bawi Khing နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦး Zo Peng တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၎င်းတို့ (၃) ဦးသည် ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင်ချင်းပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ပြီး နိုင်ငံတော်ဒုတိယသမ္မတ(၂)အဖြစ် တင်မြှောက်ခံခဲ့ရသော ဦးဟင်နရီဗန်ထီးယူ၏ လစ်လပ်သွားသည့် နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒေါ် Za Tlem သည် ၂၀၁၀ ရွေးကောက်ပွဲတုန်းက ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည့် လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ကာ ဆုံးနိမ့်ခဲ့ပြီး ယခုတစ်ခါ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အလားတူ ဦး Zo Peng သည်လည်း ၂၀၁၅ ရွေးကောက် ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုံးနိမ့်ခဲ့သူဖြစ်သည်။ ဦး Bawi Khing မှာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ်အသစ်ဖြစ်ပြီး ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ချင်းနိုင်ငံရေးပါတီများအားလုံးသည် ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်သော မဲဆန္ဒ နေရာအားလုံးတွင် ဆုံးနိမ့်ခဲ့ကြသည့်အတွက် ယခုကြားဖြတ်ရွေးကောက်ပွဲသည် ချင်းပါတီများအတွက် ဖက်ဒရယ် နှင့်အမျိုးသားရေး ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်ရေးလမ်းကြောင်း တံခါးဖြစ်သည်ဟု CNDP ပါတီအတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။

“တိုင်းရင်းသားပါတီတွေထဲမှာပေါ့ဗျာ ချင်းနဲ့ ကယာကတော့ လူမျိုးစုကိုယ်စားပြုနိုင်ငံရေးပါတီတွေကနေ လွှတ်တော်အမတ်တွေမရှိဘူးလေ၊ မရှိတဲ့အခါကျတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာလည်းဘဲ ကျနော်တို့ တက်ရောက်ခွင့်မရှိဘူးပေါ့၊ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ ကျနော်တို့အနိုင်ရရှိခြင်းအားဖြင့်ပေါ့၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကနေ တဆင့်ပေါ့ ဒီဖက်ဒရယ်နဲ့အမျိုးသားရေးကို ထဲထဲဝင်ဝင်ပါဝင်နိုင်တဲ့ လမ်းကြောင်း တံခါးကပွင့်သွားမယ်လေ၊ ဆိုတဲ့အခါကျတော့ ဒီတနေရာက ကျနော်တို့အတွက် အရမ်းအရေးကြီးတယ်” ဟု ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။

CNDPပါတီသည်ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်ခုတည်းသော ချင်းပါတီဖြစ်သည်။■

နိုင်ငံတော်ဒုတိယ သမ္မတ(၂)အဖြစ် တင်မြှောက်ခံခဲ့ရသော ဦးဟင်နရီဗန်ထီးယူ၏ လစ်လပ်သွားသည့် နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# “ရိဒ်” ရေကန် ထိန်းသိမ်းကာကွယ်ရေး အလေးထား ဆောင်ရွက်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားခဲ့ဟု ဒုသမ္မတပြော



၈ ဖေဖော်ဝါရီလ ၂၀၁၇

ချင်းပြည်နယ်၏ အမှတ်သင်္ကေတ တစ်ခုဖြစ်သောအသည်းနှလုံးပုံ “ရိဒ်” ရေကန်အား ထိန်းသိမ်းကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးထားဆောင်ရွက်ရန် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က မှာကြားခဲ့သည်ဟု ၂ည အိမ်ခရီးစဉ်ဖြင့် ချင်းပြည်နယ်သို့ ရောက်ရှိလာသော နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကပြောသည်။

ဒုသမ္မတနှင့်အဖွဲ့သည်ဖေဖော်ဝါရီ ၄ ရက်နေ့က “ရိဒ်” ရေကန်သို့ သွားရောက်ပြီး ဒေသတွင်း အစိုးရတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်တွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“ဒီခရီးစဉ်မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ရိဒ် ရေကန်ကို သွားရောက်ဖို့ ကျနော်ကိုပြောပါတယ်၊ ထိန်းသိမ်းကာကွယ်တဲ့အပိုင်းမှာလည်း ကျနော့်ကိုတာဝန်ပေးထားပါတယ်”ဟု ဒုသမ္မတက ပြောသည်။

ယင်းတွေ့ဆုံပွဲတွင် နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်မှ ရိဒ်ရေကန်ပတ်ဝန်းကျင်ရှိ သစ်တောမြေအနေအထားများ၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး စီမံကိန်းများ ရှင်းလင်းချပြပြီးနောက် ဒုသမ္မတက ရိဒ်ရေကန်အား သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးတို့က အလေးထားလုပ်ဆောင်ရန် မှာကြားခဲ့သည်။

ထို့အပြင် ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရရိဒ်ရေကန်သည် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ စွဲဆောင်နိုင်သော ခရီးသွားလုပ်ငန်းဒေသအဖြစ် အလေးထားဆောင်ရွက်ကြရန် ပြည်နယ်အစိုးရအဖွဲ့ကို မှာကြားခဲ့သည်။

ယခုလက်ရှိတွင် ရိဒ် ရေကန်သည် ချင်းပြည်နယ် သစ်တောနှင့်သတ္တဝန်ကြီးဌာနလက်အောက်ရှိ သစ်တော ကြိုးဝိုင်းပိုင်နက်အတွင်း တည်ရှိသော်လည်း ရိဒ်ရေကန် နဘေးတွင်ရှိသော တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များကိုမူရိဒ်အခြေစိုက် တပ်မတော်တပ်ဖွဲ့လက်အောက်တွင် ရှိနေသည်ဟု ရိဒ်မြို့ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးအရာရှိတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ရိဒ်မြို့ NLD ဥက္ကဋ္ဌ Pu Zadawla က “ဒီတည်းခိုရိပ်သာနဲ့ စားသောက်ဆိုင်ကိစ္စကို ဒုသမ္မတ လာတုန်းက ဆွေးနွေးဖြစ်ကြတယ်လို့ သိရတယ်၊ စစ်တပ်က တာဝန်ရှိသူတွေက ချင်းပြည်နယ် အစိုးရထံကို စာရွက်စာတမ်းတွေနဲ့ တရားဝင်ပြန်လွှဲပေးမယ်လို့ သိရပါတယ်” ဟု ပြောသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးပြီဆိုပါက အကျိုးအမြတ်ခံစားခွင့်လည်း ပြည်နယ်အစိုးရမှ ရရှိလာတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများနှင့် ရိဒ်ရေကန်ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်ဟု သူကဆက်ပြောသည်။■

## Editorial ......

## ချင်းလူမျိုးတွေရဲ့ အထက်မြတ်ဆုံးသော အမျိုးသားလက္ခဏာ "ချင်းအမျိုးသားနေ့"

လူမျိုးတိုင်းလူမျိုးတိုင်းမှာ ကိုယ့်အမျိုးသားအမှတ်သင်္ကေတ ဒါမှမဟုတ် သမိုင်းမှတ်တိုင် နေ့ထူးနေ့မြတ်တွေရှိတတ်ကြစမြဲပါ၊ အဲလိုပဲ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ဟာ ချင်းလူမျိုးတွေအတွက် အထွဋ်အမြတ် တန်ဖိုးထားတဲ့ နေ့ထူးနေ့မြတ်တရပ်ဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၂၀ (ချင်းအမျိုးသားနေ့)ပေါ်ပေါက်လာခြင်းသည် ဒီကမ္ဘာပေါ်မှာ ချင်းလူမျိုးများသည် လူမျိုးတစ်မျိုးအဖြစ် တည်ရှိနေတယ်ဆိုတာ သက်သေပြလိုက်ခြင်းပင်ဖြစ်ပါတယ်။ ခုဆိုရင် ချင်းအမျိုးသားနေ့သည်လည်း (၆၉) နှစ်တင်းတင်း ပြည့်မြောက်ခဲ့လေပြီ။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ချင်းအမျိုးသားနေ့ရဲ့ ဘဝဖြတ်သန်းမှုတွေဟာ အင်မတန်ခက်ခဲကြမ်းတမ်း ခဲ့ပါတယ်။ အမျိုးသားနေ့အဖြစ် ကျင်းပခွင့်မရဘဲ ပြည်နယ်နေ့အဖြစ်သာ ဆယ်စုနှစ်ပေါင်းများစွာ ဖွတ်အတင်းသွက်သွင်း ကျင်းပခံခဲ့ရပါတယ်။ ဒါပေမယ့် ၂၀၁၀ ခုနှစ်နောက်ပိုင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ ရှိလာတဲ့ နောက်ပိုင်းချင်းအမျိုးသားတပ်ဦး CNF နှင့် အစိုးရတို့ ငြိမ်းချမ်းရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြတဲ့နောက်ပိုင်း ၂၀၁၂ ခုနှစ်ကစလို့ ချင်းပြည်နယ်အပြင် မြန်မာနိုင်ငံတဝန်းလုံးမှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို ပြည်နယ်နေ့အဖြစ် မဟုတ်တော့ဘဲ “အမျိုးသားနေ့”အဖြစ် ပြန်လည်ကျင်းပခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ချင်းလူမျိုးတွေဟာ လွန်ခဲ့တဲ့ ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်နယ်မြေနဲ့ လွတ်လပ်စွာနေထိုင်လာခဲ့ကြတာပါ။ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်လာပြီးနောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ပြည်မ၊ ကချင်၊ ရှမ်း စတဲ့တိုင်းရင်းသားညီအကိုတွေနဲ့ ပူးပေါင်းပြီးအင်္ဂလိပ်ကိုလိုနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးကိုအရယူခဲ့ကြတာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ရှမ်းပြည်နယ် ပင်လုံမြို့တွင် ချင်းလူမျိုးတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ ကချင်၊ ရှမ်း စတဲ့တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားအခွင့်အရေးများ တန်းတူညီတူရရှိနိုင်ရန်အတွက် ပင်လုံစာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။ အဲဒီနေ့ရက်ကိုလည်း ပြည်ထောင်စုနေ့အဖြစ် ခေါ်ဆိုသမုတ်ခဲ့ကြပါတယ်။

တိုင်းရင်းသားညီအကိုတွေနဲ့ ပင်လုံစာချုပ်ချုပ်ဆိုအပြီးနောက်တစ်နှစ် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလရောက်တော့ ချင်းအမျိုးသားတွေရဲ့ သမိုင်းမှာ အပြောင်းအလဲကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါကတော့ ချင်းပြည်နယ် ဖလမ်းမြို့မှာဖေဖော်ဝါရီလ ၁၈ ရက်ကနေ ၂၀ ရက်နေ့အထိ ၃ ရက်ကြာ ကျင်းပခဲ့တဲ့ ပထမဦးဆုံးအကြိမ် ချင်းအမျိုးသားညီလာခံမှာ တက်ရောက်လာခဲ့ကြတဲ့ ချင်းအမျိုးသား လူထုကိုယ်စားလှယ်ပေါင်း ၄၊၀၀ ဝါးထောင်ကျော်က သက်ဦးစံပိုင်မြေရှင်ပဒေသရာဇ်စနစ်ကို တခဲနက် ကန့်ကွက်ဖယ်ရှားလိုက်ကြပြီး လွတ်လပ်သည့် ဒီမိုကရေစီ အုပ်ချုပ်ရေး လူ့ဘောင်သစ်ကို ထူထောင်နိုင်ခဲ့ကြပါတယ်။

၁၉၅၀ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ကျင်းပတဲ့ ချင်းရေးရာကောင်စီက ပထမဦးဆုံးအကြိမ် ချင်းအမျိုးသား ညီလာခံကျင်းပတဲ့ရက်ကို အစွဲပြုပြီး ဖေဖော်ဝါရီ ၂၀ ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် စတင်ခေါ်ဆိုသမုတ်လာခဲ့ကြတာဖြစ်ပါတယ်။

၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ပထမဦးဆုံးအကြိမ် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့မှာ ကျင်းပနိုင်ခဲ့ကြပြီး အဲဒီချိန်က နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်တဲ့ ဦးနုကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ခဲ့ပါတယ်။

ချင်းလူမျိုးတွေဟာ ကိုယ့်အမျိုးသားလက္ခဏာ မပပျောက်ရလေအောင် ထိန်းသိမ်းကာကွယ်တဲ့အနေနဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ရောက်လာတိုင်း ကိုယ်ရောက်ရာဒေသအသီးသီးမှာ ချင်းအမျိုးသားနေ့ကို ကျင်းပပြုလုပ်ပြီး ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာဖို့ ကြိုးပမ်းခဲ့ကြတဲ့ ကျနော်တို့ ဘိုးဘွားတွေကို ဂုဏ်ပြုဖို့လိုပါတယ်။ ဒါဟာ ကျနော်တို့ရဲ့သမိုင်းပေးတာဝန် တရပ်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

## မီဇိုရမ်တွင် ချင်းအမျိုးသား တစ်ဦးထံ ရှုပီး ၃၁ သိန်း ကျော်တန်ဖိုးရှိ ရွှေပြားများ ဖမ်းဆီးမိ

၁၀ ဖေဖော်ဝါရီလ ၂၀၁၇

အိန္ဒိယပြည်မဘက်သို့ တင်ပို့မည့် ရှုပီးငွေ ၃၁ သိန်းကျော် တန်ဖိုးရှိ ရွှေပြား (၆၄) ပြားကို မီဇိုရမ်ပြည်နယ်တွင် မြန်မာနိုင်ငံသား တစ်ဦးထံမှ ဖေဖော်ဝါရီ ၈ ရက်နေ့က ဖမ်းဆီးမိသည်ဟု သိရသည်။

မီဇိုရမ်ပြည်နယ်မှ အိန္ဒိယပြည် Guwahati မြို့သို့ ပြေးဆွဲသော Network မှန်လုံကားတစ်စီးကို မြို့ပြင် Phunchawng ရပ်ကွက်တွင် စစ်ဆေးခဲ့ရာ ကီလို ၁၀.၆၃၈ ဂရမ် အလေးချိန်ရှိ ရွှေပြား (၆၄) ပြားကို Anti-Smuggling Unit, Aizawl Customs Division အဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဒေသထုတ်သတင်းစာ The Aizawl Post တွင် ဖော်ပြသည်။

စာ (၉) သို့

# ရခိုင်လက်နက်ကိုင်အဖွဲ့အစည်းများ ချင်းပြည်နယ်အတွင်း အခြေချလှုပ်ရှားမှု လုံးဝ မပြုလုပ်ရန် CNF တောင်းဆို

၂၈ ဇန်နဝါရီ ၂၀၁၇

ရခိုင်လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း အခြေချလှုပ်ရှားမှုများ လုံးဝမပြုလုပ်ရန် ချင်းအမျိုးသားတပ်ဦး CNF က ယနေ့တောင်းဆိုလိုက်သည်။

CNF ဗဟိုဌာနချုပ် ဝိတိုရိယစခန်းတွင် ယခုလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်သော ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်း၊ ဒုတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေး အပြီးတွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

CNF အထွေထွေအတွင်းရေးမှူး ဆလိုင်း Thla Hei က "မနှစ်တုန်းက ဗဟိုကောမတီရဲ့ထုတ်ပြန်ချက်မှာလည်း တောင်းဆိုပြီးပြီ အခု ပလက်ဝမြို့နယ်မှာ ရှိနေသေးတယ်လို့ သတင်းတွေကြားနေရတယ် ဒေသခံပြည်သူတွေကိုလည်း နှောက်ယှက်မျိုးမျိုးပေးနေတယ်ဒါကြောင့် အမြန်ဆုံးပလက်ဝမြို့နယ်ကနေ ထွက်ပေးဖို့ ဆက်လက်တောင်းဆိုနေတာဖြစ်တယ်" ဟု ပြောသည်။

ချင်းပြည်နယ် တောင်ပိုင်း ပလက်ဝမြို့နယ်နှင့် အိန္ဒိယ–မြန်မာနယ်စပ်အနီးတဝိုက်သည် ရခိုင်လက်နက်ကိုင်များဖြစ်ကြသော ရခိုင့်တပ်မတော်(AA)နှင့်ရခိုင်လွှတ်မြောက်ရေးတပ်မတော်(ALA)တို့မှခြေကုပ်ယူလှုပ်ရှားသည့်နေရာဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် ရခိုင့်တပ်မတော်တပ်ဖွဲ့တို့ပလက်ဝမြို့နယ်အတွင်းမကြာခဏတိုက်ပွဲများဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ပွဲများကြောင့် ပလက်ဝမြို့နယ် ပြင်စိုးကျေးရွာမှ ဒေသခံချင်းပြည်သူ ၃၇၀ နီးပါးခန့်စစ်ဘေးတိမ်းရှောင်ခဲ့ရပြီး ယနေ့ချိန်ထိ နေရပ်မပြန်နိုင်ကြသေးပေ။ ထို့အပြင် ဒေသခံပြည်သူများအား ရှေ့တမ်းတွင် လမ်းပြအဖြစ်ခေါ်ဆောင်လေ့ရှိပြီး၊ မြေမြှုပ်မိုင်းများနင်းမိခြင်းကြောင့် အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့သည်။

ချင်းပြည်နယ်ငြိမ်းချမ်းရေး စောင့်ကြည့်ရေးအဖွဲ့ (Chin Peace and Tranquility Committee(CPTC)ခေါင်းဆောင် Rev. Tluang Ceu က ရခိုင်လက်နက်ကိုင်တပ်ဖွဲ့များ ချင်းပြည်နယ်အတွင်းလှုပ်ရှားမှုများကြောင့်ချင်းပြည်နယ်၏ ငြိမ်းချမ်းဖြစ်စဉ်ကို ထိခိုက်စေသည်ဟု ပြောသည်။

"CNF နဲ့ အစိုးရအကြား ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် ပလက်ဝဘက်မှ AA တွေက လှုပ်ရှားတဲ့အခါမှာ CNFအတွက်ပဲဖြစ်ဖြစ် အစိုးရအတွက်ပဲဖြစ်ဖြစ် တော်တော်လေးကို အနှောက်ယှက်ဖြစ်ပါတယ်" ဟု သူကပြောသည်။

ဝိတိုရိယဗဟိုဌာနချုပ်တွင် ၅ ရက်တာကျင်းပပြုလုပ်သော CNFဗဟိုကော်မတီအစည်းဝေးတွင် တစ်နှစ်တာလုပ်ငန်းများ ပြန်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ခဲ့ကြသည်ဟုသိရသည်။

အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကို ချင်းအမျိုးသားတပ်ဦး၊ ပြည်နယ်အစိုးရ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် စုပေါင်းပြီးလာမည့်ဖေဖော်ဝါရီအတွင်း ကျင်းပပြုလုပ်နိုင်ရေး ကြိုးပမ်းသွားမည်ဟု သိရသည်။ ထို့အပြင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်မည်ကို စိုးရိမ်ရပြီး သက်ဆိုင်ရာများအနေဖြင့် နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်သာ တွေ့ဆုံဆွေးနွေးအဖြေရှာကြရန်တိုက်တွန်းသည်ဟု ၎င်းတို့ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# မတ်လကုန်အထိ မပြောင်းရွှေ့နိုင်သည့် ရေဘေးသင့် ပြည်သူများ အိမ်နေရာသစ် အစိုးရ ပြန်သိမ်းမည်

၂၅ ဇန်နဝါရီ ၂၀၁၇



ချင်းပြည်နယ်အစိုးရက ၂၀၁၅ ခုနှစ် သဘာဝသင့် ပြည်သူ အိမ်ထောင်စု (၇၈)ခု အတွက် အိမ်နေရာ ချထားသည့်နေရာတွင် ၂၀၁၇ ခုနှစ် မတ်လကုန်အထိ အိမ်ဆောက်ပြီးမပြောင်းရွှေ့နိုင်သည့် ပြည်သူများ၏ အိမ်နေရာကို အစိုးရက ပြန်သိမ်းမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဟားခါးမြို့နယ် သဘာဝဘေးဒဏ်ခံခဲ့စဉ်အိမ်ဌားအဖြစ်နေထိုင်သောပြည်သူများကို အစိုးရက အိမ်နေရာချပေးခြင်းဖြစ်သော်လည်း ယခုအထိ အိမ်ထောင်စု (၅၇)ခု ကွက်သစ်ချပေးသည့် နေရာတွင် ပြောင်းရွှေ့နေထိုင်နိုင်သည့်အတွက် အစိုးရက သတိပေးလိုက်ခြင်းဖြစ်ပါသည်။

သဘာဝသင့် ပြည်သူများက အစိုးရက သတ်မှတ်ပေးသည့် အချိန်အတွင်းအိမ်ဆောက်ပြီး ပြောင်းရွှေ့ရန် သဘောတူထားကြောင်းလည်း သိရသည်။

"သူတို့ကို ချပေးတာ အောက်တိုဘာကတည်းကချပေးတာလေ၊ ၆ လရှိပြီလေ ၆ လအတွင်း သူတို့ဆောက်ရမှာပေါ့၊ သူတို့က နေရာမရှိဘူးဆိုပြီးပြောတော့ နေရာချပေးတယ်လေ၊ အောက်တိုဘာကတည်းက ကျနော်တို့ချပေးတာ၊ ၆ လရှိပြီး ၆ လမှ ဆက်မနေရင် ကျနော်တို့က သိမ်းတော့မယ် ဒီတိုင်းဆက်ထားရင် သူတို့ လွှဲပြောင်းတာတို့ဘာတို့ မဟုတ်တာတွေဖြစ်လာနိုင်တယ်လေ၊ မသာမာတာဖြစ်နိုင်တယ်" ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဆလိုင်း အိုက်ဇက်ခင်ကပြောသည်။

လာမည့် မတ်လကုန်အထိ အိမ်ခြေ (၅၇) ခု ကိုယ့်ဘာသာ အိမ်ဆောက်ပြီး ပြောင်းရွှေ့နေထိုင်နိုင်မလားအချက်ကိုမူ သဘာဝသင့်ပြည်သူများ၏ ခက်ခက်ခဲခဲ လုပ်ဆောင်ရမည့်အရာဖြစ်ပင် ဖြစ်ပေလိမ့်မည်။

"ကျတော်မြင်တာကတော့ အိမ်ဆောက်ဖို့ဆိုတာ နေ့စားလုပ်နေတဲ့လူတွေအတွက် လွယ်တဲ့အလုပ်မဟုတ်ဘူး၊ နေ့တိုင်းစားစရာတောင် ခက်ခက်ခဲခဲ လုပ်နေရတဲ့အချိန်ဖြစ်နေတယ်၊ မတ်လကုန်မှာ အကုန်ပြောင်း နေထိုင်ဖို့ဆိုတာ လက်တွေ့မကျပါဘူး၊ အိမ်ဆောက်မယ့် ကုန်ကျစရိတ်ကို အရစ်ကျဘဲဖြစ်ဖြစ် အစိုးရကနေ လုပ်ပေးသင့်တယ်"လို့ ဒေသခံတစ်ဦးက ခိုနုမ်သုန်သတင်းဌာနထံ ရှင်းပြခဲ့ပါသည်။

အဆိုပါဒေသသို့ ပြောင်းရွှေ့ရမည့် ဒေသခံများနေဖြင့် အကယ်၍ အိမ်မဆောက်နိုင်ဘူးဆိုပါက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုကယ်ဆယ်ရေးလုပ်ကိုင်နေသော အဖွဲ့အစည်းများက ဝိုင်းဝန်းပံ့ပိုး

စာ (၁၁) သို့

THE KHONUMTHUNG NEWS JOURNAL

Editorial Board

Chief Editor - J.Sangtea

Managing Editor - Tui Dim

Editor - Salai Robert

T.V Incharge - Tui Dim

Reporter - Moe Kyaw
- Aung Ling
- Rokung
- Hniangte
- Biesoh

Layout Design - Moe Kyaw

Board Member
- Lawma
- David Lalrin
- Hlai Myo Thein

Distribution Managers
Justina

Advisory Board
T. Panglai
Baenard L.Chhangte

Producer
J. Hmingthansanga
5/KLT (N) 117352

လက်မှတ်အမှတ် – 01183

Address
Tahan, Kalaymyo
Registration No. 01183

Printing Press -
Thukha Myaing , Offset
Mandalay

# နယ်ချဲ့ဗြိတိသျှတော်လှန်ရေးနှင့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ခ) ဗိုလ်စွန်ပက်နှင့် ချင်းလူမျိုးတို့၏ နယ်ချဲ့တော်လှန်ရေး သမိုင်းအကျဉ်း – အပိုင်း (၂)

*Salai Van Cung Lian (UK)*

## တာရွှန်းတို့မှ ဗြိတိသျှအစိုးရအား စစ်တိုက်ရန် ဆုံးဖြတ်ခြင်း

Capt.Raikesတို့ တွေ့ဆုံပြီးနောက်ပိုင်းတွင် ဗိုလ်ကြွန်ဘိခ်သည် ဗြိတိသျှတို့အပေါ် အယုံအကြည်မရှိတော့ပေ။ ဗိုလ်ကြွန်ဘိခ် တာရွှန်းရွာမသို့ပြန်သွားပြီး ၁၈၈၇ ခုနှစ် ဇန်နဝါရီလကုန်တွင် ဗြိတိသျှတို့ ဖမ်းချုပ်ထားသော စော်ဘွားဟောင်း စော်ဘွားမောင်ရစ်၊ ချင်း–ဗမာသံအမတ်ကြီး(ချင်းကဲ)မောင်သာဒွန်းနှင့် အပေါင်းအပါများ မန္တလေးနှင့် ယခုမုံရွာမြောက်ဘက်ရှိ အလုံတောင်များမှထွက်ပြေးလာကြရာ တာရွှန်းတို့ ထံသို့ နိုင်ငံရေးခိုလှုံခွင့် ခံခဲ့ကြသည်။ တာရွှန်းကောင်စီမှလည်း နှစ်ပေါင်းများစွာဆက်ဆံခဲ့ကြသည့်မိတ်ဆွေများဖြစ်သောကြောင့် အကာအကွယ်ပေးရန် သဘောတူ၊ သစ္စာဆိုခဲ့ကြသည်။ ထိုစော်ဘွားဟောင်းနှင့် အပေါင်းပါတို့၏ တိုက်တွန်းမှုကြောင့်လည်း ဗိုလ်ကြွန်ဘိခ် ဦးဆောင်သော တာရွှန်းကောင်စီသည် တော်လှန်ရေးဘက်သို့ ဦးတည်လာစေခဲ့သည်။ နောက်ပြီး ရွှေဂြိုးဖြူမင်းသားအား အကာအကွယ်ပေးရန်လည်း တိုက်တွန်းခဲ့ကြသည်။

## ရွှေဂျိုးဖြူမင်းသား မောင်ဖိုးသက်

ရွှေဂျိုးဖြူမင်းသား၏ ငယ်နာမည်မှာ မောင်ဖိုးသက်ဖြစ်ပြီးသူသည်မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသား (ထိပ်တင်ကောက်) နှင့် သူ၏ နန်းမရတဲ့ ကိုယ်လုပ်တော်မိဘုရားနှင့် ရရှိသောသားဖြစ်သည်။ ထို့ကြောင့် မင်းမျိုးမင်းနွယ်အဖြစ် တရားဝင်သတ်မှတ်ခြင်းမခံခဲ့ရပေ။ ဗြိတိသျှအစိုးရမှတ်တမ်းများတွင်လည်းမင်းသားအတုအယောင်ဟု ခေါ်ဆိုခဲ့ကြသည်ကိုတွေ့ရှိနိုင်သည်။ ရွှေဂျိုးဖြူမင်းသားသည် ၁၈၈၇ ခုနှစ် အောက်တိုဘာလတွင် ဗြိတိသျှအစိုးရအား တော်လှန်ရင်း ချင်းတွင်း၊ မြင်းခြံနှင့်ပုဂံဒေသများတွင် တိုက်ပွဲဖြစ်ပွားရာမှ ဗြိတိသျှစစ်တပ်မှအရာရှိ Captain Beville နှင့် Major. Kennedy တို့အား မင်တိုင်းပင်ရွာနှင့် ၁၂ အကွာတွင်ရှိသောချင်းဗျစ်တိုက်ပွဲတွင်သတ်ဖြတ်နိုင်ခဲ့သည်။ ထိုတိုက်ပွဲအကြောင်းကို လန်ဒန်မြို့တွင် ထုတ်ဝေခဲ့သော သတင်းစာတစ်စောင်တွင် "မောင်ဘို့နှင့်တိုက်ပွဲ၊ အရာရှိနှစ်ဦးကျရှုံး" ခေါင်းစဉ်ဖြင့် ၁၈၈၇ ခုနှစ် အောက်တိုဘာလ ၁၉



ရက်နေ့ထုတ် TheGraphicသတင်းစာတွင်လည်း ဖော်ပြထားသည်။ ထိုတိုက်ပွဲနောက်ပိုင်းတွင်မူ ရွှေဂျိုးဖြူမင်းသားနှင့် သူ့လက်ထောက် မောင်သူကြီးတို့သည်ဗြိတိသျှစစ်တပ်၏ အသည်းအသန်လိုက်လံရှာဖွေခြင်းကိုခံခဲ့ရသည်။ ၁၈၈၈ ခုနှစ် တန်ခူးလတွင် မင်းသားတို့အဖွဲ့သည် မန့်ကျီး (Magyi) မှ တောင်ပေါ်လေးရွာ (Taungbawleywa) သို့ ဆုတ်ခွာခဲ့သည်။ ထိုမှတစ်ဆင့်ယောနယ်စပ်ဗန့်ကျီ (Pagyi), သင်သားနှင့် ကျောက်ပေါက်ရွာသို့ ထွက်ပြေးခဲ့ကြသည်။ ကျောက်ပေါက်ရွာသည် စီဟောင်းရွာနားတွင်ရှိပြီး သူတို့ရောက်သည့်သတင်း ဗြိတိသျှတို့ခန့်အပ်ထားသော စော်ဘွားမောင်ပါကြီး ကြားကြားခြင်း ဗိုလ်မြတ်စိုးနှင့် ဗိုလ်ကန်ဆောင် တို့အားတပ်သား ၁၁ ယောက်နှင့်အတူ စေလွှတ်ပြီး သူ့အား ဖမ်းဆီးရန်ကြိုးစားခဲ့သေးသည်။ ထိုအချိန်တွင်မူ မင်းသားတို့အဖွဲ့တွင် စစ်သားအယောက် ၂၀ ခန့်သာကျန်ရစ်ခဲ့သည်။ ကျောက်ပေါက်မှတစ်ဆင့် တာရွှန်းတို့ထံသို့ ခိုလှုံခွင့်တောင်းယူခဲ့ပြီး ဗိုလ်ကြွန်ဘိခ်ကလည်း လက်ခံခဲ့သည်။ သူနှင့်ပေါင်းအပါများအား ကာကွယ်ရန်ကတိသစ္စာဆိုခဲ့ကြသည်။ တာရွှန်းတို့သည် သူ့အား မဏိပူရမြစ်အနောက်ဘက်ခြမ်းရှိ စီဟောင်းရွာအနားတွင်ရှိသော ချင်းကင်းရွာတွင် ချင်းစစ်သား ၃၀၀ နှင့်အတူ ခိုလှုံစေခဲ့သည်။

## ဗြိတိသျှထိန်းချုပ်နယ်မြေအား ကျူးကျော်ဝင်ရောက်ခြင်း

၁၈၈၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင် တာရွှန်းနှင့် စီးယင်းစစ်သည်တော်အယောက်၄၀၀–၅၀၀ခန့်သည်ဗြိတိသျှအစိုးရလက်အောက်၊ ကလေးစော်ဘွားမောင်ပါကြီး အုပ်ချုပ်ထားသော စီဟောင်းရွာကို ဝန်းရံထားကြသည်။ ကြွန်ဘိခ်၏ ဗမာရေးရာအကြံပေးပုဂ္ဂိုလ်များဖြစ်သော မောင်နဲ့၊ ပါးလောက် (Palok)၊ မုန်တုန် (Monton)နှင့် မောင်ရွှေရိုးတို့သည် လည်းတာရွှန်းစစ်သည်တော်များနှင့်အတူ စီဟောင်းသို့လိုက်ပါသွားကြသည်။ မောင်ရွှေရိုးသည် ချင်း–ဗမာ ကပြားဖြစ်ပြီး တာရွှန်းနယ် Minledaung ရွာတွင်နေထိုင်သူဖြစ်သည်။ ချင်း–ဗမာသံအမတ်ဟောင်း မောင်သာဒွန်းနှင့် တောင်တွင်းကြီးရွာမှ မောင်လွန်မှူးတို့သည်လည်းပါဝင်သည်။ ကြွန်ဘိခ်၏ မြန်မာ့ရေးရာ အကြံပေးအကြီးအကဲဖြစ်သော မောင်နဲ့သည် အင်းဒင်ရွာတွင်နေထိုင်သောစော်ဘွားမောင်ပါကြီးအား ချင်းမင်းကြီး နှင့် စီဟောင်းရွာအနားရှိ ချင်းကိုင်းရွာသို့ နောက်လာမည့် ၁၀ ရက်တွင် တွေ့ဆုံရန် အမိန့်ပေးခဲ့သည်။ မောင်ပါကြီးသည်သူကိုယ်တိုင်မသွားရဲသောကြောင့် သူ့အမျိုးသမီးဖြစ်သူ မနန်းဟော်အား ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့သည်။ မနန်းဟော်တို့အဖွဲ့စီဟောင်းရွာရောက်သောအခါ ကြွန်ဘိခ်သည် ဟားခါးနယ်ရှိဝန်းသူ (Wuntu)ဒေသတွင် မျိုးနွယ်စုပြဿနာဖြေရှင်းရန် ရုတ်တရက်ထွက်ခွာခဲ့သောကြောင်း ကိုယ်စားလှယ်အား မတွေ့နိုင်ခဲ့ပေ။

တစ်ဖန် ၁၈၈၈ မေလ ၃ ရက်နေ့တွင် စစ်အင်အား ၄၀၀–၅၀၀ ဝန်းကျင်ရှိသော တာရွှန်းနှင့် စီးယင်းစစ်သည်တော်များသည် စီဟောင်းနှင့် အင်းဒင်ရွာကိုဝန်းရံထားပြီး စော်ဘွားမောင်ပါကြီးအား ချင်းကင်းရွာတွင် ကြွန်ဘိခ်နှင့်တွေ့ဆုံရန် အမိန့်ထပ်ပေးခဲ့ကြသည်။ နောက်တစ်နေ့နံနက်တွင် တာရွှန်းစစ်သည်တော်၂၅၀–၃၀၀ခန့် ထပ်မံ ရောက်ရှိလာရာ မောင်းပါကြီးအားချင်းကင်းသို့ မေလ ၆ ရက်နေ့တွင် သယ်ဆောင်သွားကြသည်။ စော်ဘွားမောင်ပါကြီးသည် စီဟောင်းရွာတွင် တစ်ညအိပ်ပြီး၊ နောက်နေ့တွင် ကြွန်ဘိခ်နဲ့ ချင်းကင်းရွာတွင် တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် ကြွန်ဘိခ်က မိမိသည် ဗြိတိသျှအစိုးရအားတိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ စော်ဘွားအနေဖြင့်လည်း ဗြိတိသျှအစိုးရအား ချင်းတို့နှင့်အတူ ဗြိတိသျှအစိုးရအား တော်လှန်သင့်ကြောင်း စသည်ဖြင့် စည်းရုံးခဲ့သည်။ စော်ဘွားမောင်ပါကြီးကမူ ဗြိတိသျှစစ်တပ်သည် အလွန်အင်အားကြီးမား၍ စစ်အောင်နိုင်ရန် မလွယ်ကူကြောင်း၊ သူ့အနေနှင့် ဤတော်လှန်ရေးတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ကြွန်ဘိခ်ထံသို့ ပြန်လည် ပြောဆိုခဲ့သည်။ ထို့နောက် ကြွန်ဘိခ်နှင့် စော်ဘွားသည် ရွှေဂျိုးဖြူမင်းသားရှိရာ အိမ်သို့သွားရောက်ခဲ့သည်။

ရွှေဂျိုးဖြူမင်းသားနှင့် တွေ့ဆုံသောအခါ ရွှေဂျိုးဖြူမင်းသားသည် စော်ဘွားမောင်ပါကြီးအား မိမိတို့နှင့်ပူးပေါင်းပြီး ဗြိတိသျှအစိုးရအားခင်ဗျားလုံးဝတိုက်ရမည်ဟုတိုက်တွန်းခဲ့သည်။ စော်ဘွားမှ အသင်မည်သူနည်းဟု မေးရာတွင် မိမိသည် ဘုရင့်သားတော် ရွှေဂျိုးဖြူမင်းသားဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ စော်ဘွားသည် ဗိုလ်ကြွန်ဘိခ်ထံသို့ ဤလူသည် ဘုရင့်သားတော် မဟုတ်ဘဲ ခါးပြ၊ သူခိုးသာဖြစ်ကြောင်း၊ ဗန့်ကျီ (Pagyi) ရွာမှထွက်ပြေးလာသူဖြစ်ပြီးဗြိတိသျှခေတ်မတိုင်မီတွင် တိုင်းရင်းကာကွယ်ဆေးဆရာဖြစ်ကြောင်း ပြောပြခဲ့သည်။ ကြွန်ဘိခ်မှလည်း ဤမင်းသားသည် လူလိမ်ဖြစ်လျင် သူ့အားအကူအညီပေးတော့မည်မဟုတ်ကြောင်းပြန်လည်ပြောဆိုခဲ့သည်။ အမတ်ဟောင်း မောင်တုတ်စံက ရွှေဂျိုးဖြူမင်းသားအနေနှင့် စော်ဘွားကို ဖမ်းဆီးသင့်ကြောင်း၊

စာ (၇) သို့

# ချင်းအမျိုးသားနေ့သမိုင်း

***Salai Van Cung Lian (UK)***

### နိဒါန်း

ချင်းအမျိုးသားနေ့ကို ကျင်းပတဲ့အခါတိုင်း မိန့်ခွန်းများတွင် ဘာကြောင့်ကျင်းပရသလဲဆိုတာကို အမြဲပြောလေ့ရှိပေမယ့် အဓိပ္ပါယ်ဖွင့်ဆိုပုံခြင်း မတူကြပါဘူး။ တချို့က တိုက်သူကြီး၊ ရွာသူကြီးစနစ်ကနေ ဒီမိုကရေစီစနစ်ပြောင်းလဲအသုံးပြုဖို့ ဆုံးဖြတ်တဲ့နေ့၊ တချို့ကတော့ဖလမ်းမြို့မှာ လူထုငါးထောင်တွေ့ဆုံပြီးဆုံးဖြတ်တာဖြစ်တဲ့အတွက် စည်းလုံးမှုပြယုဒ်ဖြစ်လို့ စသဖြင့်ပြောဆိုကြသည်။ တချို့ကလည်းဘိုးဘွားတွေ နှစ်ပေါင်းများစွာကျင့်သုံးလာခဲ့တဲ့ တိုက်သူကြီး၊ ရွာသူကြီးစနစ်ကို ဖျက်သိမ်းတာဖြစ်တဲ့နေ့ကို ချင်းအမျိုးသားနေ့လို့ မခေါ်သင့်ကြောင်း ပြောကြသည်။ ဒါကြောင့် ချင်းသမိုင်းအကျဉ်းချုပ်နဲ့ ချင်းအမျိုးသားနေ့ရဲ့ အနှစ်သာရကိုပြန်သုံးသပ်ကြည့်ချင်ပါတယ်။

ချင်းအမျိုးသားနေ့ဟာ ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင်ကျင်းပသောချင်းရေးရာဝန်ကြီးအစည်းအဝေးမှ ဖြစ်ပေါ်လာသည့်အချက်ကို အာလုံးသိပြီးဖြစ်သည်။ ထို့ကြောင့် ချင်းမျိုးသားနေ့အကြောင်းလေ့လာရာတွင် ကျွန်နုပ်သည် ချင်းရေးရာဝန်ကြီးအစည်းအဝေး၏ ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်ကိုသာ စူးစိုက်ဖော်ပြသွားမည် ဖြစ်သည်။

### လွပ်လပ်ပြီးခေတ်၊ ချင်းရေးရာဌာန၏ ကြိုးပမ်းမှုများ

၁၉၅၁ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ ချင်းရေးရာကောင်စီ အစည်းအဝေးအကြောင်း မဖော်ပြမီတွင် ချင်းရေးရာဌာန၏ လွတ်လပ်ပြီးကာလ ကြိုးပမ်းချက်များအား ဖော်ပြလိုပါသည်။ ၁၉၄၈ ခုနှစ်ဇန္နဝါရီလ(၄)ရက်နေ့တွင်မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အပုဒ် ၅၊ ချင်းဝိသေသတိုင်း အခန်း၊ ပုဒ်မ–၁၉၆၊ ၁၉၇၊ ၁၉၈ တို့အရ ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာနနှင့် ချင်းရေးရာဝန်ကြီးတို့ ပေါ်ပေါက်လာခဲ့ပါသည်။ ချင်းရေးရာဌာနရဲ့ ပထမဆုံးလုပ်ငန်းအနေဖြင့် ချင်းတောင်တန်းတွင် ရှေးယခင်ခေတ်အဆက်ဆက်မှ ဗြိတိသျှခေတ်အထိ အသုံးပြုခဲ့သည့် သက်ဦးဆံပိုင်စနစ်ဟောင်းကိုဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ချင်းရေးရာဌာနက ၂၂ ဇန်နဝါရီ၁၉၄၈ခုနှစ်တွင်ဝန်ကြီးအဖွဲ့သို့ ချင်းတောင်စုံစမ်းရေးကော်မရှင်ဖွဲ့ပေးရန် တင်ပြခဲ့သဖြင့် ဖေဖော်ဝါရီ ၁၉၄၈ တွင် ထိုကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့တွင် ဦးဝမ္မသူးမောင်း၊ စည်သူဦးသိမ်းမောင်(အေ–တီ–အမ်) နှင့် ဦးစိုးဝင်း (အမျိုးသား ပညာဝန်ဟောင်း)တို့ပါဝင်ကြသည်။ ကော်မရှင်၏ အဓိကရည်ရွယ်ချက်နှင့် လုပ်ငန်းများမှာ တိုက်သူကြီးများနှင့် သူကြီးများခံစားရသော စိတ်သဘောထားကို တိကျစွာ စူးစမ်းရှာဖွေရန်၊ တိုက်သူကြီးများ ကောက်ခံလျက်ရှိသော အခွန်တော် ပပျောက်ရေးကို လှုံ့ဆော်ကြွေးကြော်လျက်ရှိသည့် လုပ်ငန်းများအပေါ်တွင် လူထု၏ ဆန္ဒကိုစုံစမ်းရန်၊ အခြားတစ်ဖက်တွင် ထိုသို့ဖြုတ်ချရာတွင်အစိုးရတွင်တတ်နိုင်သမျှငွေကုန်ကျသက်သာစေရန် အစိုးရအုပ်ချုပ်ရေးပြောင်းလဲရာတွင် အစိုးရအုပ်ချုပ်ရေးအဖွဲ့၏အကျိုးကို မထိခိုက်စေရန် နည်းလမ်းများ ရှာဖွေပြီး အစိုးရထံသို့ အစီရင်ခံစာနှင့်တကွ ထင်မြင်ယူဆချက်နှင့်ထောက်ခံချက်တို့ကိုပါတင်သွင်းရန်ဖြစ်သည်။ ကော်မရှင်သည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၂–၁၈ ရက်များတွင် တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်နှင့် ဟားခါးမြို့နယ် တို့တွင် လူထုကိုယ်စားလှယ်၊ တိုက်အုပ်၊ သူကြီးများနှင့်တွေ့ဆုံပြီး၎င်းတို့၏ ဆန္ဒကိုစုံစမ်းမေးမြန်းခဲ့သည်။

### ဖလမ်းမြို့ လွပ်လပ်ရေးအောင်ပွဲ ညီလာခံသဘင်

အဲဒီလို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉–၂၂ ရက်အထိ ဖလမ်းမြို့ မှာကျင်းပခဲ့တဲ့ လွပ်လပ်ရေးအောင်ပွဲ လူထုညီလာခံသဘင် ကျင်းပခြင်းနှင့် တိုက်ဆိုင်ခဲ့ပါသည်။ လူများက ဖလမ်းမြို့ လူထုညီလာခံသည် တိုက်သူကြီးများဖြုတ်ချနိုင်ရေးအတွက် လူထုဆန္ဒကောက်ခံရန်ကျင်းပခြင်းဖြစ်သည်ဟု ထင်မှတ်ကြသည်။ အမှန်စင်စစ် ဤညီလာခံသည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကျင်းပရန်အတွက် စီစဉ်ရခြင်းဖြစ်သည်။ လွတ်လပ်ရေးနေ့သည် ဇန်နဝါရီ (၄) ရက်တွင် ရရှိခဲ့သည်မှန်သော်လည်း ဖလမ်းမြို့သို့ ပြည်ထောင်စု သမ္မတ ကိုယ်တိုင်နှင့် နိုင်ငံတော်အကြီးအကဲများတက်ရောက်ရန်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၁၉–၂၂ ရက်တွင် ကျင်းပရခြင်းဖြစ်သည်။ ဤညီလာခံအတွက် အစိုးရမှ ဘတ်ဂျက်ရူပီ–၂၁၀၀၀/ ကိုခွဲဝေချထားသည်။ နည်းလှသည့် ဘတ်ဂျက်မဟုတ်ပေ၊ ထိုခေတ်ကာလတွင် စစ်သားတစ်ဦး၏ လစာသည်တစ်လလျင်ရူပီ–၁၅၊ အစိုးရဝန်ထမ်း အရာရှိတို့၏ ပျမ်းမျှတစ်လဝင်ငွေမှာ ရူပီ ၃၀ နှင့် နွားနောက်တစ်ကောင်သည် ရူပီ ၂၀ ရှိသည်။ ထိုအခမ်းအနားသို့ ပြည်ထောင်စုသမ္မတစပ်ရွှေသိုက် ကိုယ်တိုင်တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့သည်။

ထိုအစည်းအဝေးသို့တက်ရောက်သော လူဦးရေသည် ၅၀၀၀ ကျော်ရှိသည်မှာလည်း လူအများမှ သံသယရှိကြသည်။ လူထု၅၀၀၀ကျော် တက်ရောက်သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုစဉ်က တာဝန်ထမ်းဆောင်သည့် ဟားခါးမြို့နယ် အထက်လွှတ်တော်အမတ် ဦးရိုထန် (Pu Ro Thang) ကလည်း မှန်ကန်ကြောင်းပြောဆိုခဲ့သည်။ ထိုအချိန်က ဖလမ်း အရေးပိုင်ဦးတွန်မှုန်း (Pu Tuang Hmung) ၏ နှစ်စဉ်အစီရင်ခံစာတွင်လည်းရှင်းလင်းစွာဖော်ပြထားသည်မှာ ဧည့်သည် စုစုပေါင်း ၅၀၀၀ ခန့်ရှိပြီး ချင်းတောင်ကဲ့သို့သော နေရာမျိုးတွင် ထိုမျှလောက်သော လူစာရင်းသည် နည်းသည် မဟုတ်ဟုဆိုပါသည်။ ၎င်းအစီရင်ခံစာတွင်စိတ်ဝင်စားဖွယ်အကောင်းဆုံးကား ကန်ပက်လက်နှင့်ပလက်ဝ (ထိုအချိန်က ရခိုင်တောင်တန်း) နယ်မှ ကိုယ်စားလှယ်များ ချင်းသမိုင်းတွင် ပထမဦးဆုံးအကြိမ်ပါဝင်လာမှုအထူးအလေးပေးဖော်ပြခဲ့သည်။ ပလက်ဝနယ်မှ လူတစ်ဦးသည် ခြေကျင်ခရီးဖြင့် ဖလမ်းသို့အရောက် လျှောက်လာခဲ့သည်။ ထိုနည်းတူစွာပင်ကန်ပက်လက်၊ တီးတိန်၊ ဟားခါးနှင့် မတူပီတို့မှလည်း လာရောက်ကြသည်ပင်ဖြစ်သည်။ ဟားခါး နယ်ဝန်ထောက်မှလည်း တိုက်သူကြီးများအားတက်ရောက်ရန် အမိန့်ပေးခဲ့သည်။ ဖလမ်းနယ်မှ တိုက်သူကြီးများမှလည်း ရွာသားများအား ညီလာခံသို့ အတင်းတက်ရောက်စေခဲ့သည်။ လူထုတချို့မှာမူ နိုင်ငံရေးအသိအမြင်ကြောင့် ညီလာခံသို့ တက်ရောက်လာခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုသမ္မတ စပ်ရွှေသိုက်နှင့် ချင်းရေးရာဝန်ကြီး ဦးဝမ္မသူးမောင်းနှင့် နိုင်ငံတော်အကြီးအကဲများအား တွေ့ဆုံချင်ကြသောကြောင့်ဖြစ်သည်။

### ဖလမ်းမြို့လူထုအစည်းအဝေးမှ ဆုံးဖြတ်ချက်

ဖေဖော်ဝါရီ ၂၀၊ ၂၊ ၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ကျင်းပသော လူထု ၅၀၀၀ ကျော်တက်ရောက်သည့် အစည်းအဝေးတွင် အကြောင်းအရာများစွာဆွေးနွေးကြသည်။ ၂၀ ရက်နေ့အစီအစဉ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးအကြောင်းများ ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာအစပထမတွင် အကြီးအကဲထဲမှ ကိုယ်စားလှယ်တစ်ဦး၊ လူထုမှကိုယ်စားလှယ်တစ်ဦးနှင့် တစ်နယ်မှ နယ်ဝန်ထောက်တစ်ဦးစီသာ ပြောဆိုခွင့် သတ်မှတ်ထားသော်လည်း လူများစွာပါဝင်ဆွေးနွေးကြတော့သည်။ ထို့နောက်လူများစောင့်ဆိုင်းနေကြသော အကြီးအကဲအုပ်ချုပ်ရေးစနစ်အစားထိုးရန် တီးတိန်နယ်မှ ဦးထောင်ဇာကိုင်က အဆိုတင်သွင်းရာ ဖလမ်းမြို့မှ ဦးဆွမ်းမန် နှင့် ကန်ပက်လက်မှ ဦးထန်းမောင်းတို့ကထောက်ခံကြသည်။ အဆိုကိုတက်ကြွစွာနှင့် အချိန်အတန်ကြာအောင် ဆွေးနွေးကြရာ၊ ကန့်ကွက်သူများရှိသဖြင့် အခမ်းအနားသဘာပတိက မဲခွဲရန်ဆုံးဖြတ်ခဲ့သည်။ အဆိုကို ထောက်ခံမဲ ၅၀၀၀ နှင့် ကန့်ကွက်သူ ၁၇ မဲဖြင့် အတည်ပြုခဲ့ကြသည်။

### စုံစမ်းရေးကော်မရှင်အစီရင်ခံစာနှင့် ချင်းဝိသေသတိုင်းအက်ဥပဒေ

စုံစမ်းရေးကော်မရှင်သည် ဖလမ်း လူထုအစည်းအဝေးကြီးအပြီး ဖေဖော်ဝါရီ ၂၂ မှ ၂၆ ထိ စည်းရုံးရေး လုပ်ငန်းများ ထပ်မံဆောင်ရွက်ခဲ့ကြပြီး လူထုအများစုက တိုက်သူကြီးများအုပ်ချုပ်သည့်စနစ်ကို အစားထိုးရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော်လည်း ချင်းတောင်အခြေနေမှာ တင်းမာနေဆဲပင်ဖြစ်သည်။ ကော်မတီသည်အစိုးရဝန်ထမ်းများ၏ အယူအဆကိုလည်းမေးမြန်းကြရတော့သည်။ ချင်းဝိသေသတိုင်းမှ နယ်ဝန်ထောက်များ၏ တရားဝင်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်တွင်ကျင်းပကြရသည်။ ကော်မရှင်သည် ၎င်း၏ အစီရင်ခံစာကို ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဝန်ကြီးများအဖွဲ့သို့ တိုက်သူကြီး

စာ (၁၀) သို့

# စာ (၅) မှနယ်ချဲ့ဗြိတိသျှတော်လှန်ရေးနှင့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် (ခ) ဗိုလ်စွန်ပက် နှင့် ချင်းလူမျိုးတို့၏ နယ်ချဲ့တော်လှန်ရေး သမိုင်းအကျဉ်း – အပိုင်း (၂) အဆက်

နောက်ပြီးဗိုလ်ကြွန် ဘိခ်ကိုလည်း ဖလမ်းသို့ မပြန်ခိုင်းဘဲနှင့် အမတ်ကြီး မောင်သာဒွန်းနဲ့အတူတကွ ကလေး နယ်အားလုံးအပြင် ကလေးဝနယ်အထိ တိုက်ခိုက်ရန်စည်းရုံးသင့်ကြောင်း တိုက်တွန်းခဲ့သည်။ စော်ဘွားမောင်း ပါကြီးသည် ဗြိတိသျှ တိုက်ခိုက် တော်လှန်ရေးတွင်ပါဝင်ရန် ငြင်းဆန် သောကြောင့်သူ့အားဖလမ်းတွင်ဖမ်းဆီး ခေါ်ဆောင်ရန် စီစဉ်ကြောင်း သိရှိသွား သောအခါ စော်ဘွားသည် သူ့ကိုမဖမ်း ဆီးရန်နှင့် ဤဗြိတိသျှအစိုးရတော်လှန် ရေးတွင် ပါဝင်ကူညီမည်ဟု ကတိပေး ပြီးခဲ့ရသည့် နောက်ပိုင်းမှသာ ပြန်လည် လွှတ်ပေးခဲ့ကြသည်။ ထို့နောက် ကြွန်ဘိခ်နှင့် စော်ဘွားသည် ချင်းကိုင်း ရွာမှ စီဟောင်းသို့ အတူသွားရောက်ပြီး နောက်မနက်နေ့လည်တွင် စော်ဘွား သည် အင်းဒင်သို့ ပြန်၍ ကြွန်ဘိခ် သည်လည်း ဖလမ်းသို့ ပြန်တက်သွား ခဲ့သည်။ ရွှေဂျိုးဖြူမင်းသားသည် မောင်တုတ်စံ အကြံပေးသည့်အတိုင်း ကြွန်ဘိခ်ထံသို့ ကလေးနယ်တိုက် ခိုက်ရန်အတွက် စစ်သားအကူအညီ တောင်းခံခဲ့သည်။ ကြွန်ဘိခ်သည် ရွှေဂျိုးဖြူကို မယုံမကြည်ဖြစ်ခြင်းက တစ်ပိုင်း၊ မိုးတွင်းနီးကပ်လာသည်က တစ်ပိုင်းတို့ကြောင့် ငြင်းဆန်ခဲ့ရသည်။ သို့သော်ရွှေပြိုးဖြူနှင့်အတူ တာရှန်း စစ်သား ၃၀၀ အားချင်းကိုင်းရွာသို့ ကျန်စေခဲ့သည်။ တာရှန်းတို့မှ ရွှေဂျိုး ဖြူအား ခိုလှုံခွင့်ပေးသည့်အချိန်တွင် သူ့မှာနောက်လိုက် အယောက် ၂၀ ခန့် သာ ပိုင်ဆိုင်ထားခဲ့သူဖြစ်သည်။

ကလေးစော်ဘွားသည် အင်းဒင် သို့ရောက်ရောက်ချင်း ဗြိတိသျှအစိုးရ အား အကြောင်းကြားကာ တပ်သားများ ချက်ချင်းစုစောင်းပြီး ချင်းကိုင်းရွာသို့ ချက်ချင်းချီတက်ခဲ့သည်။ ချင်းကိုင်း ရွာနှင့် မိုင်တစ်ဝက်လောက်ကွာဝေး သော ကျော်ရွာတွင် နှစ်ဖက် အပြင်း အထန်တိုက်ပွဲဖြစ်ပွားခဲ့သည်။ တာရှန်း စစ်သည်တော်များနှင့် ရွှေဂျိုးဖြူမင်းသား တို့သည် မြစ်သာမြစ်အနီးရှိ ကွန်ဒူးရွာ နှင့် ရွှေတောင်ရွာတို့ကို မေလ ၁၈–၁၉ ညတွင် ဝင်ရောက်စီးနင်းပြီး စစ်သုံ့ပန်း အဖြစ် ၂၁ ယောက် ခေါ်ဆောင်သွား ခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီး နှစ်ပတ် အကြာတွင် ပုဂံခရိုင်ဝန် Capt. Eyre နှင့် ဗြိတိသျှစစ်သားတို့သည် စော်ဘွား စစ်ကူများအဖြစ် မေလ ၂၄ ရက်နေ့ တွင်အင်းဒင်သို့ရောက်ရှိလာခဲ့သည်။ ထိုနေ့ နေ့လည် ၃ နာရီတွင်ပင် ချင်းကင်းရွာသို့ ချက်ချင်းချီတက်ခဲ့ ကြသည်။ ထိုသတင်းအားရွှေဂျိုးဖြူနှင့် အဖွဲ့ ကြားကြားချင်း တောင်ပေါ်သို့ ဆုတ်ခွာခဲ့ကြရသည်။ ထိုတိုက်ပွဲသည် တာရှန်းနှင့် ဗြိတိသျှအစိုးရအကြား စစ်ရေး စတင်စေခဲ့သည့် အကြောင်း တစ်ရပ်ဖြစ်စေခဲ့သည်။

ကြွန်ဘိခ်မှ ဗြိတိသျှအစိုးရ အားတိုက်ခိုက်ရသည့်အဓိကအကြောင်း ရင်း တာရှန်းတို့ ဗြိတိသျှအစိုးရအား တော်လှန်ခဲ့သည့် အကြောင်းရင်းနှင့် ပတ်သက်ပြီး Captain Raikes က အောက်ပါကဲ့သို့ အစီရင်ခံခဲ့သည်။ “ကျွန်တော်နှင့် ကြွန်ဘိခ်နဲ့ ဇန်နဝါရီ လတွင် တွေ့ဆုံတုန်းက သူ၏ ခင်မင် ဖော်ရွေမှုကို တွေ့မြင်နိုင်သော်လည်း သူလို့ဝှက်ထားတဲ့ အကြောင်းများစွာ ရှိသည်ဟု ခံစားမိသည်။ မိမိပေးသည့် လက်ဆောင်လက်ခံရန်ပင်အထူးမေတ္တာ ရပ်ခံပြီးမှသာ လက်ခံရယူခဲ့သည်။ Chittagong ဒေသနှင့် ကုန်သွယ်ရေး လမ်းရာဖွယ်ရေး အကြောင်းမေးမြန်း ပြီးနောက်သူသည်ကျွန်တော်တို့အပေါ် သံသယစိတ်ဝင်မိသည်ဟုယူဆရသည်။ နောက်ပြီး စော်ဘွားဟောင်းမောင်ရစ်၊ ချင်းအမတ်ကြီးမောင်သာဒွန်းနှင့် မောင်တုတ်စံတို့မှလည်း မိမိတို့အား တော်လှန်ရန် သူ့အား တိုက်တွန်းမည် မှာကျိန်းသေသည်။ ဗြိတိသျှအစိုးရ မြန်မာပြည်ကိုသိမ်းပိုက်ပြီး ကလေး–ကဘော်ဒေသ ပထမဆုံးစရောက်ခါစ မှာ စော်ဘွားမောင်ရစ် သူအုပ်ချုပ်ပုံ အပေါ် အားရခြင်းမရှိသောကြောင့် သူနှင့်သူ့အပေါင်းအပါ များကို ဖမ်းဆီး ပြီး မန္တလေးအကျဉ်းထောင်တွင် ပို့ထား ခြင်းခံရသည်။ ကဘော်ဒေသမှဗြိတိသျှ အစိုးရအား တော်လှန်သောအဖွဲ့အား အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုအမှု အတွက် ချင်းသံအမတ်ကြီး မောင်သာ ဒွန်းအား ဖမ်းဆီးပြီး အလုံအကျဉ်း ထောင်သို့ အကျဉ်းချခဲ့ရသည်။ သို့သော် သူတို့အား တရားစွဲရန် သက်သေ အထောက်အထား မလုံလောက်သော ကြောင့် အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ရ သည်။ ထိုတောအတွင်း ထွက်ပြေးကြ ပြီး တာရှန်းရွာမ ဖလမ်းသို့ ခိုလှုံခဲ့ကြ သည်။ မန္တလေးထောင်မှ ထောင်သား များသည်လည်းထွက်ပြေးခဲ့ကြသည်။ ထွက်ပြေးသူများထဲမှ ၃ဦးကို လမ်းခု လတ်တွင် ပြန်လည်ဖမ်းမိခြင်းခံရသည်။ ထိုသူတို့သည် ကျွန်တော် ကြွန်ဘိခ်နဲ့ တွေ့ဆုံပြီး ဇန်နဝါရီလအတွင်း ဖလမ်း သို့ရောက်ရှိခြင်းဖြစ်သည်။ ထို့နောက် ရွှေဂျိုးဖြူ မင်းသားကိုလည်း တာရှန်း တို့မှဖိတ်ခေါ်ပြီး ချင်းကင်းရွာတွင် ခိုလှုံခွင့်ပေးခဲ့ကြသည်။ စော်ဘွားဟောင်း များနှင့် သူတို့လက်အောက်အမှုထမ်း များ ဖလမ်းတွင်ရှိနေသရွေ့ ဗမာပြည် အေးချမ်းနိုင်မည်မဟုတ်။ ထို့ကြောင့် ကြွန်ဘိခ်ထံ သူတို့တစ်တွေကို ကျွန်တော် တို့လက်ထဲ ပြန်လည်အပ်ရန်အတွက် တောင်းခံရန် လိုအပ်ကြောင်း”အစီရင် ခံတင်ပြခဲ့သည်။

ဗြိတိသျှအစိုးရမှ ကြွန်ဘိခ်ထံသို့ ရာဇသံပေးပို့ခြင်း (၁၈၈၈ ခုနှစ် ဇွန်လ ၅ ရက်နေ့)

ဗြိတိသျှအစိုးရသည် ကြွန်ဘိခ်နှင့် အခြား တာရှန်းခေါင်းဆောင်များထံသို့ ၁၈၈၈ ခုနှစ် ဇွန်လ ၅ ရက်နေ့နေ့စွဲ တပ်ရာဇသံအားပေးပို့ခဲ့ကြသည်။

ရာဇသံပေးပို့သည့်စာထဲတွင်–

–ဗြိတိသျှအစိုးရသည် တာရှန်းတို့နှင့် ချစ်ကြည်ရေးအဖြစ် တွေ့ဆုံဆွေးနွေး မှုများ ပြုလုပ်ပြီးဖြစ်သည်။ ဗြိတိသျှ အစိုးရအနေဖြင့် တာရှန်းတို့နှင့်ခင်မင် ရင်းနှီးမှုဖြင့် ဆက်ဆံချင်သော်လည်း၊ တာရှန်းတို့အနေနှင့် သူခိုး၊ ဓားပြဖြစ် သော ရွှေဂျိုးဖြူမင်းသားနှင့် အပေါင်း အပါများအား နိုင်ငံရေးခိုလှုံခွင့်ပေး သည့်အပြင်၊ ဗြိတိသျှအစိုးရအမှုထမ်း ဖြစ်သော ကလေးစော်ဘွားအား တော် လှန်ရေးတွက် သွေးဆောင် ခြိမ်းခြောက် မှုများ ပြုလုပ်ခဲ့သည်။

–တာရှန်းစစ်သည်တော်များသည် ရွှေတောင်နှင့် ကွန်ဒူးရွာအားစီးနင်းရာ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ် တစ်ဦးကိုသတ်ဖြတ်ပြီး၊ လူ ၂၁ယောက် အား ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

–ဗြိတိသျှအစိုးရ ပိုင်နက်မြေတွင် ချင်း တို့အနေဖြင့် စီးနင်းခြင်းများ မပြုလုပ် ရန် သတိပေးပြီးဖြစ်သည်။

–သို့ဖြစ်၍ဤရာဇသံရရှိသည့်နောက် တစ်လအတွင်း ရွှေဂျိုးဖြူမင်းသားနှင့် သူ့အပေါင်းပါများ၊ စော်ဘွားဟောင်း များနှင့်သူ့အပေါင်းပါများ၊တာရှန်းတို့ ဖမ်းဆီးထားသော အယောက် ၂၁ ကို ဗြိတိသျှအစိုးရလက်ထဲသို့ ပြန်လည် အပ်နှံပါ။အပ်နှံခြင်းမပြုပါကဗြိတိသျှ စစ်တပ်အား တာရှန်းနယ်သို့ စေလွှတ် ပြီး ခက်ထန်ရက်စက်စွာ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။

ဤရာဇသံပေးပို့သည့်စာသည် ဖလမ်းကောင်စီထံသို့ ချက်ချင်းမရောက် နိုင်ပါ။ ဗြိတိသျှတို့ စေလွှတ်သော ဆက်သားမှာ လမ်းခရီးတွင် ရွှေဂျိုး ဖြူမင်းသား၏ ဖမ်းဆီးခြင်းကိုခံရပြီး သေဒဏ်ချမှတ်ခြင်းခံရသည်။ သို့ သော် ထိုဆက်သားသည် ဖမ်းဆီးရာမှ လွတ်မြောက်နိုင်ခဲ့သည်။ထိုနောက်ပိုင်း စာပို့ဝံ့သူမရှိခဲ့ချေ။ အချိန်အတော်ကြာ မှ ဆက်သားပို့နိုင်သူအား ရှူပီး ၁၀၀ ဆုချီးမြှင့်မည်ဟု ကြေငြာပြီးမှသာ ထို ရာဇသံစာကို ဦးကြွန်ဘိခ်ထံ အရောက် ပေးပို့နိုင်ခဲ့ကြသည်။

ကြွန်ဘိခ် နှင့် ဖလမ်းကောင်စီ တုံ့ပြန် ချက် (၁၈၈၈ ခုနှစ် ဇွန်လ ၂၂ရက်)

ကြွန်ဘိခ်၏ ပြန်စာကို ပုဂံခရိုင်ဝန် Captain. G.S. Eyre မှ ၁၈၈၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် လက်ခံရရှိခဲ့ သည်။ ကြွန်ဘိခ်၏ ပြန်စာမှာ–

–ဖလမ်းကောင်စီဦးဆောင်သူကျွန်တော် ကြွန်ဘိခ်, Vum Ceu, Sin Hli နှင့် Bawi Hmung တို့မှ ပန်ကြားလိုသည့် အကြောင်းအရာများမှာ ရွှေတောင်ရွာ နှင့် ကွန်ဒူးရွာတိုက်ခိုက်မှုသည် မိမိတို့ နှင့် သက်ဆိုင်မှုမရှိပါ။ အမျိုးသမီးနှင့် ကလေးငယ် သတ်ဖြတ်မှုသည်လည်း မိမိတို့နှင့် သက်ဆိုင်မှုမရှိပါ။

–လူအယောက် ၂၁ ဦးဖမ်းဆီးသည့် အကြောင်းသတင်းရရှိပြီးချက်ချင်းပင် စော်ဘွားမောင်ပါကြီးထံသို့ ပြန်လည် အပ်နှံရန်စီစဉ်ပြီးဖြစ်သည်။

–မိမိတို့သည် ဗြိတိသျှအစိုးရအား တိုက်ခိုက်ရန် အစီအစဉ်မရှိကြောင်း၊ ဗြိတိသျှအမှုထမ်းများလည်း ဗြိတိသျှ အစိုးရ တိုက်ထုတ်ရန် စီးရုံးခြင်းမရှိ ကြောင်း၊ စော်ဘွားမောင်ပါကြီးနှင့် ရွှေဂျိုးဖြူမင်းသားတို့ကသာ ချင်းကိုင်း ရွာတွင် ဗြိတိသျှအစိုးရအား တိုက်ထုတ် ရန် ကတ္တိသစ္စာဆိုခဲ့သူများဖြစ်သည် ဟူ၍ ပြန်လည်တုန့်ပြန်ခဲ့ကြသည်။

စာ (၉) သို့

# နယ်ချဲ့တော်လှန်သော ချင်းအမျိုးသားနေ့

## စိန်ယောအောင် (ဝမ္မသူး)

အမျိုးသားနေ့ဆိုရာမှာ သာမန်အားဖြင့် လူမျိုးနွယ်စုတစ်ခုကို အစွဲပြုခေါ်ဆိုသောနေ့ဟု အဓိပ္ပါယကောက်ယူနိုင်ပါသည်။ ချင်းသည် မျိုးနွယ်စုငယ်အားဖြင့် ၅၀ ကျော်မျှ ရှိသော်လည်း ပေါင်းစု၍ ခေါ်ဝေသော သင်္ကေတ ဖြစ်သည်။ အထူးသဖြင့် နေ့တစ်နေ့၏ ဝိသေသသည် တိုင်းရင်းသားတစ်ရပ်လုံး၏ လွတ်လပ်ရေးလမ်းစကို ဖော်ညွှန်းခဲ့သောသမိုင်းမှတ်တိုင်ဟုဆိုလျှင်လည်း မှားအံ့မထင်။ အကြောင်းသော်နယ်ချဲ့ဗြိတိသျှတို့သည် ကမ္ဘာ့ အင်ပါယာ နေမဝင်နိုင်ငံအဖြစ်တိုးချဲ့တိုက်ခိုက်စဉ်က ၁၈၈၅ ခု၊ နိုဝင်ဘာလ (၂၀) ရက် နေ့တွင် မြန်မာနိုင်ငံကိုပါ သိမ်းသွင်းခြင်းခံခဲ့ရသည်။ ၁၈၈၆ နှစ်ဆန်းကအစ တောင်ပိုင်းနှင့်မြောက်ပိုင်းချင်းတောင်သို့ ဝင်ရောက်လာသော နယ်ချဲ့စစ်တပ်ကို တောင်ပိုင်းတွင် ပလက်ဝနယ် ဗိုလ်ဆံဗင်၊ ဗိုလ်ထိန်တာ၊ မင်းတပ် ဗိုလ်ကီးရောက်နိန်၊ ဗိုလ်ရှီးလွေ၊ ဗိုလ်လှုန်ထန်း မြောက်ပိုင်းမှာလည်း ဗိုလ်ကြွန်ဘိခ်၊ ဟားခါး ဗိုလ်ကမ်စွပ်၊ ဗိုလ်တွမ်ထောင်း၊ ဗိုလ်ခိုင်ကမ်းနှင့် မတူဒေသခံတို့မှ သဲသဲမဲမဲဆန့်ကျင်အသေခံတိုက်ခိုက်ခဲ့ကြသည်။

၁၈၉၄ ခုနှစ်တွင် ဗိုလ်ချုပ်ဆိုင်းမွန်း၊ဗိုလ်ချုပ်ဗါလ်မန်တို့ကိုယ်တိုင်ဦးစီးသော တပ်အင်အား (၃၄၉၁) ဦး၊ တောင်ပေါ်ပစ်အမြောက် (၄) လက်ဖြင့် မျိုးပြုန်းစစ်ဆင်ရေးစီမံချက်ချ၍ ရွာကိုမီးရှို့၊ လူတွေ့ရင်ပစ်သတ်သော အဆုံးစွန်ရက်စက်သည့်စံနစ်ကြောင့် ချင်းတောင်ကို သိမ်းပိုက်နိုင်ခဲ့သည်။အထူးသဖြင့်ဖလမ်းကြွန်ဘိခ်ခေါင်းဆောင်သော မြောက်ပိုင်းချင်းတို့၏ တော်လှန်ရေးက ပိုမိုထိရောက် အရေးသာခဲ့သည်။ ၁၈၈၆ မှ ၁၈၉၅ ခုအထိ အင်္ဂလိပ်တို့ ချင်းတောင်တိုက်ခိုက်စဉ်က သေနတ် (၄၃၀၂) လက်ကို သိမ်းဆည်းခဲ့သည်။ နယ်ချဲ့ဗြိတိသျှ တို့၏ လက်ဝယ်ခံတိုက်သူကြီးတို့က အခမဲ့စေခိုင်းခြင်း၊ ကြီးလေးသောအခွန်အတုတ်ကောက်ခံခြင်း၊ တောင်တန်း–ပင်မ ဆက်သွယ်မရအောင် ဥပဒေဖြင့် တားမြစ်ခြင်း၊ သွေးခွဲသိမ်းသွင်း အုပ်ချုပ်ခြင်း၊ မြန်မာစာသင်ကြားရေး ပိတ်ပင်တားမြစ်ခြင်းများ ပြုခဲ့သည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာစဉ် ငယ်ရွယ်တက်ကြွနေသူ ဝမ္မသူးမောင်းသည် နယ်ချဲ့တို့၏ ကြေးစားတပ်သို့ ဝင်ရောက်မိခဲ့သည်။ တိုင်းရင်းသွေး ချင်း (ကူကီး–မလာဘာ) တော်လှန်ရေးသမား တို့အား နှိမ်နင်းရာတွင် နယ်ချဲ့ဗြိတိသျှတို့၏ လူမဆန်ရက်စက်သော လုပ်ရပ်များကို ရှုမုန်းခဲ့သည်။

ဦးဝမ္မသူးမောင်းသည် နယ်ချဲ့တို့၏ သွေးခွဲစာပေကို ဆန့်ကျင်သော မြန်မာစာသင်ကြားရေးကို ချင်းရဲဘော်များ စည်းရုံးကာ မေမြို့၌ ၂၀၊ ၂၊ ၁၉၂၂ တွင် ကော်မီတီတရပ်ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခု၊ ဇူလိုင် (၂၂) ရက် စနေနေ့တွင် မန္တလေးမြို့ မိုးခါးကျောင်းတိုက်၌ ဆရာတော်ဦးဥတ္တမ၏ နိုင်ငံရေးတရားပွဲသို့ အစောင့်တာဝန်ခန့်ခြင်းခံရသည်။သူသည်အစောင့်တာဝန်ကျရာမှ ရုပ်ဖျက်ဝင်ရောက်ကြားနာခဲ့သည်။ဆရာတော်သည် မိန်းမလောက်မှ 'သွေးမနီ၊ သတ္တိ၊ ဗျတ္တိမရှိ စာပေကျမ်းဂန် မတတ်ဟု နှာခေါင်းရှုံ့ကဲ့ရဲ့အထင်အမြင်သေးခြင်းခံရလေပြီ' စသဖြင့် ဝံသာနုတရားများ ဟောကြားသည်။ ထိုအချိန်မှစ၍ နယ်ချဲ့တို့၏ ကြေးစားစစ်တပ်တွင် ပျော်ပိုက်နိုင်ခြင်းမရှိတော့သဖြင့် နေ့ချင်းညချင်းထွက်ခွာလိုစိတ် တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

ဦးဝမ္မသူးမောင်းသည် ၈–၇–၁၉၂၃ ရက်တွင် ဝမ္မသူးရွာ၌ နိုင်ငံရေးကိုယ်ဝန်ခံ အမျိုးသားကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၂၄ ဒီဇင်ဘာလ (၂၄) ရက်၊ အသက် (၂၄) နှစ်တွင် ဆူပဒါအဆင့်ကို စွန့်ခွာနုတ်ထွက်လာခဲ့သည်။ ၁၉၂၅ ခု၊ ဇွန်လတွင် သူကိုယ်တိုင် ကျောင်းဆရာဝင်ရောက်လုပ်ကိုင်၍ ရပ်ဝေးနေ ကျောင်းသားကြီးများကို စည်းရုံးခေါ်ဆောင်ကာ မြန်မာစာသင်ကြားပေးရင်း နိုင်ငံရေးလှုပ်ရှားမှုများ လျှို့ဝှက်ဆောင်ရွက်ခဲ့သည်။ တဖက်တွင် ပခုက္ကူမြို့ မဟာဝိသုတရာမကျောင်းတိုက်ဆရာတော်ဦးပညာရွှေကူ၊ ဆရာတော် ဦးသုန္ဒရတ္ခိတို့နှင့် ဆက်သွယ်ပြီး ၁၆–၉–၁၉၂၇ ရက်တွင် ချင်းတောင်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အခြားတဖက်တွင် ဒို့ဗမာ အစည်းအရုံးဝင်များဖြစ်ကြသည့် ရေနံချောင်းမှ ဦးဘသီ၊ ပခုက္ကူမှ ဦးမျိုးညွန့်၊ သခင်အုံကြီး၊ ဦးထွန်းလင်း၊ ဦးဖိုးတုတ်တို့နှင့် ဆက်သွယ်ကာ မြေပေါ်နိုင်ငံရေးအစည်းအရုံးများ ပြုလုပ်သည်။ ၁၉၂၉ မေလ(၃၁)ရကတွင်၄၅× ၃၀ ပေနစ်ထပ်၊ သွပ်မိုးကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အနယ်နယ်အရပ်ရပ်ရှိ ရွာလူကြီးများကို ဖိတ်ခေါ်၍ တော်လှန်ရေးမျိုးချစ်စိတ်များ စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးကို ထိရောက်စွာလုပ်ဆောင်နိုင်ရေးအတွက် ၁၉၃၂ ခု မတ်လတွင် ကျောင်းဆရာအလုပ်မှ နှုတ်ထွက်သည်။ ၁၉၃၃ ဧပြီလ (၅) ရက်တွင် တိုက်နယ်အမှတ် (၁) မသုံးနူးရွာ "ချင်းအမျိုးသားစည်းလုံးညီညွတ်ရေး" ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအဖွဲ့တွင် ဦးဝမ္မသူးမောင် ဥက္ကဋ္ဌ၊ ဦးဝရဲလောဟာ ဒုတိယဥက္ကဋ္ဌ၊ ဦးကီးဖေလိန်း အတွင်းရေးမှူး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအွမ်နိန်၊ ဦးဝမ္မသူးငိုင်း၊ ဦးကီးမန်၊ သခင်အောင်စံ၊ သခင်ကျော်စိန်နှင့် ဦးအောင်လိန်း (၉) ဦးပါဝင်၍ ကျေးရွာတိုင်းတွင် စည်းရုံးရေးမှူး (၃) ဦးမှ (၅) ဦးအထိ တိုးချဲ့ဖွဲ့စည်းတာဝန်ပေးအပ်သည်။

၁၉၃၄ ခုတွင် အဖွဲ့၏ ပထမညီလာခံကို ယောတိုက်နယ် ဝရဲရွာ၌ ကျင်းပ၍ ပြည်ပနှင့်ဆက်သွယ်ရေးတွင် စာပေ သာသနာရေးကို အခြေပြုလျက် လုံးဝလွတ်လပ်ရေး မရမချင်း တိုက်ပွဲဝင်ရန် သွေးသောက်အဓိဋ္ဌာန်ပြု ဆုံးဖြတ်ကြသည်။ နယ်ချဲ့ဗြိတိသျှတို့ထံ တောင်းဆိုချက် (၉) ချက်တွင်–

(၁) တိုက်သူကြီးရွာသူကြီးတို့အား ဖက်ဆစ်ဆန်သော ဩဇာအာဏာပေးခြင်းကို အမြန်ရုပ်သိမ်းရန်

(၂) ချင်းတောင်တွင် မြန်မာစာသင်ကြားရေး ပိတ်ပင်တားမြစ်ခြင်းကို ပြန်လည်သင်ကြားခွင့်ပြုရန်

(၃) ချင်းတောင်တန်းနယ်ကို မိမိသဘောအရရေးဆွဲသည့် ဥပဒေများကျင့်သုံးခြင်းကို ရုပ်သိမ်း၍ ချင်းအမျိုးသား ကိုယ်စားလှယ်များပါဝင်သည့် ဥပဒေရေးဆွဲရေးကော်မီတီဖွဲ့စည်းရေးဆွဲကာထိုဥပဒေများကိုသာ ချင်းတောင်တွင် ပြဋ္ဌာန်းအတည်ပြုရန်

(၄) တောင်တန်းနယ်များအား ခြွင်းချန်ထားသည့်နယ်ဟူ၍ သတ်မှတ်ခြင်းကို အမြန်ရုပ်သိမ်းရန်

(၅) မြန်မာပြည်မအား (၉၁)ဌာန အုပ်ချုပ်ရေးပေးသကဲ့သို့ ချင်းတောင်အားလည်း အကျိုးခံစားခွင့်ပြုရန်

(၆) မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသည့်အခါ ချင်းတောင်ကိုလည်း တချိန်တည်း လွတ်လပ်ရေးပေးရန်

(၇) ဘာသာအယူဝါဒ ကန့်သတ်ချုပ်ချယ်ခြင်းများ အမြန်ပြန်ရုပ်သိမ်းရန်

(၈) လူမျိုးရေးခွဲခြားသိမ်းသွင်းအုပ်ချုပ်ခြင်းကို ရုပ်သိမ်း၍ တိုင်းရင်းသားအားလုံးတန်းတူညီမျှအခွင့်အရေးပေးရန်

(၉)အိမ်နီးချင်းနိုင်ငံများနှင့် လွတ်လပ်စွာကူးလူးဆက်သွယ်ခွင့်များ ချုပ်ချယ်မှုမပြုရန် စသည်တို့ဖြစ်သည်။

၁၉၃၆ ခု၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ ဒုတိယညီလာခံကို ဝမ္မသူးရွာ၌ ကျင်းပကာ ပထမညီလာခံ၌ အတည်ပြုဆုံးဖြတ်ခဲ့သော အချက် (၉) ချက်ကို အဖွဲ့ကိုယ်စားလှယ်နှစ်ဦးက ပခုက္ကူ ဝံသာနုအမတ် ဦးစိုးသိန်း၊ ဦးမျိုးညွန့်တို့မှတဆင့် လွှတ်တော်သို့ အရေးဆိုတင်ပြပေးရန်ဖြစ်သည်။ ယင်းတင်ပြချက်အရ ဘုရင်ခံနှင့် တောင်တန်းမင်းကြီးက မကွေးတိုင်းမင်းကြီးမှတဆင့် ကန်ပက်လက်မြို့၌ (ခမညဖ) နှင့် တွေ့ဆုံညှိနှိုင်းရန် တာဝန်ပေးချက်အရ ၂၃–၁၁–၁၉၃၈ ရက်နေ့တွင် တွေ့ဆုံပွဲမအောင်မြင်၍ လူပေါင်း သုံးထောင်ခန့်မှ တခဲနက်အုံကြွ ဆန္ဒပြကြသည်။ ထိုဆန္ဒပြမှုကို အကြောင်းပြု၍ မတရားအသင်းပုဒ်မ(၁၄)ဖြင့် ၂၀–၂–၁၉၃၉ ရက်တွင် ဦးဝမ္မသူးမောင်း၊ ဦးဝရဲ လောဟာ၊ ဦးကီးဖေလိန်း၊ ဦးအွမ်နိန်း၊ ဦးလိန်းဂေ၊ ဦးဝမ္မသူးငိုင်း၊ ဦးအောင်လိန်း၊ ဦးအွမ်တန်၊ ဦးကီးမာန် (၉)ဦး တို့ကို စတင်ဖမ်းဆီးသည်။ ခမညဖ အနေဖြင့် မနားမနေ ဆက်လက်ဆန္ဒပြမှုဖြင့် ဆဋ္ဌမအကြိမ်အဖြစ် လူပေါင်း(၃၁)ယောက်အားဖမ်းဆီးကာ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မြင်းခြံ၊ မန္တလေး၊ ကသာအထိ အဆင့်ဆင့်ထောင်ပြောင်း ချုပ်နှောင်ခြင်းခံခဲ့ကြသည်။ ခမညဖ၏ အဆုံးစွန်နိုင်ငံရေး လှုပ်ရှားမှုနှင့် စပ်လျဉ်း၍ ၂၅–၂–၁၉၃၉ ရက်ဖြင့် သူရိယသတင်းစာတွင်"တော်လှန်ရေးအစ ချင်းတောင်က" ခေါင်းစဉ်ဖြင့် ကန်ပက်လက်သပိတ်တိုက်ပွဲကအစ ဖမ်းဆီး ညှင်းပန်းမှုများကို ရေးသားဖော်ပြသည်။

၁၉၄၀ ဇွန်လ (၁)သာယာဝတီညီလာခံကအပြန် ဒေါင့်ကြီးတရားပွဲတွင် ချင်းတောင်နိုင်ငံရေးအကြောင်း မဟောပြောရန် ဟသ်တရာဝတ်ဝန်ဇေဝီးယားကသခင်အောင်ဆန်းထံ သတိပေးစာပို့သည်။ ထိုစာရခါမှ တရားခံပရိတ်သတ်အားထောင်ပြကာ ဦးဝမ္မသူးမောင်းခေါင်းဆောင်သော ခမညဖ ၏ ကန်ပက်လက် သပိတ်တိုက်ပွဲကြောင့် ဖမ်းဆီးနှိပ်စက်မှုများကို အသေးစိတ်ပြောပြသည်။ တရားပွဲပြီး၍ သခင်အောင်ဆန်းအား ဖမ်းဆီးရာမှ ဗမာပုလိပ်အရာရှိတစ်ဦး၏ လျှို့ဝှက်သတင်းပေးမှုကြောင့် သီသီကလေးလွတ်သွားသည့် ဒေါင့်ကြီးတရားပွဲနှင့် ပတ်သက်၍ ၂၉–၆–၁၉၄၀ ရက်တွင်ပုဒ်မ ၁၂၄(က)ဖြင့် သခင်အောင်ဆန်းအား ဆုငွေ (၅) ကျပ်ပေးမည်ဟုသိက္ခာချကြေညာခြင်းခံရသည်။ သခင်အောင်ဆန်းသည် အဖမ်းမခံဘဲ ရှောင်တမ်း ရင်း ၈–၈–၁၉၄၀ ရက်တွင် တရုတ်ပြည် အမွိုင်မြို့မှတဆင့် ဂျပန်စစ်တပ်နှင့် ဆက်သွယ်ကာ တိုကျိုမြို့သို့ ရောက်ရှိသည်။ဂျပန်တိုကျိုမှမြန်မာနိုင်ငံသို့ ၃–၃–၁၉၄၁ ရက်တွင် ရုပ်ဖျက်ပြန်ဝင်၍ ၉–၃–၁၉၄၁ ရက်တွင် ရဲဘော်သုံးကျိပ်ခေါင်းဆောင်၍စစ်သင်တန်းတက်ပြီး ၂၃–၁၂–၁၉၄၁ ရက်တွင် ဘန်ကောက်၌ သစ္စာပြုသွေးသောက်၍ ဗြိတိသျှအစိုးရကို၂၆–၇–၁၉၄၃ရက်အထိတိုက်ထုတ်နိုင်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့တွင် ကသာအကျဉ်းထောင်အား ဂျပန်လေတပ်မှ ဗုံးကြဲ၍ ထောင်လွှာလာကြသော ဦးဝမ္မသူးမောင်း (ခ) သခင်မောင်မောင်းနှင့်အဖွဲ့သည် ချင်းတောင်ပြန်ရောက်သည်နှင့် ချင်းတောင်အနှံ့ရှိ ဗြိတိသျှအစိုးရလက်ထဲမှ မြို့နယ်အားလုံးကို သိမ်းပိုက်ထိန်းချုပ်သည်။ ဂျပန်စစ်တပ်သည် မြန်မာနိုင်ငံတိုင်းရင်းသားများကို လူမဆန်စွာနှိပ်စက်လာသဖြင့် မခံမရပ်နိုင်ဖြစ်၍ တစည်းတလုံးတည်း ဝိုင်းဝန်းတိုက်ခိုက်ရာ၁၉၄၅မတ်လတွင် ဖက်ဆစ်တော်လှန်ရေးဆုံးခန်းတိုင်ခဲ့သည်။ ဗြိတိသျှအစိုးရသည် ဒုတိယကမ္ဘာစစ်ဖြစ်စဉ် မြန်မာနိုင်ငံကို လက်လွှတ်မည်ဟု လုံးဝမမျှော်လင့်ခဲ့ပေ။ ဂျပန်တို့ စစ်ရှုံးထွက်ပြေး၍ ဗြိတိသျှတို့ပြန်ဝင်လာရာ စက္ကူဖြူစီမံကိန်းရေးဆွဲလာပြီး ၁၉၅၃ အပိုဒ်

စာ (၁၄) သို့

# စာ (၇) မှနယ်ချဲ့ဗြိတိသျှတော်လှန်ရေးနှင့် ချင်းအမျိုးသားခေါင်းဆောင် ဗိုလ်ကွန်ဘိခ် (ခ) ဗိုလ်စွန်ပက် နှင့် ချင်းလူမျိုးတို့၏ နယ်ချဲ့တော်လှန်ရေး သမိုင်းအကျဉ်း – အပိုင်း (၂) အဆက်

### တာရှန်းတို့ဗြိတိသျှထိန်းချုပ်နယ်မြေ စီးနင်းခြင်း

ဗြိတိသျှအစိုးရတို့မှ ကလေး၊ ကဘော်နယ်မသိမ်းပိုက်မီအချိန်ထိ တာရှန်းတို့သည် မြေပြန့်သို့ ဝင်ရောက်စီးနင်းခြင်း မရှိခဲ့ချေ။ မြေပြန့်အား အကာအကွယ်ပေးရင်း အခြားမျိုးနွယ်စုတို့၏ မြေပြန့်ဒေသ စီးနင်းမှုများအပေါ်တွင်လည်း အရေးယူဆောင်ရွက်ခဲ့သည်။ သို့သော် ဤတစ်ကြိမ်တွင်မူ တာရှန်းတို့ မြစ်သာမြစ်အနီးရှိရွာအား စီးနင်းခြင်း ပြုလုပ်ခဲ့သည်။ အကြောင်းမှာ ရွှေဂျိုးဖြူနှင့် ချင်းစစ်သည်တော်များ ဖမ်းဆီးထားသော လူ ၂၁ ဦးအား အပ်နှံရန်အတွက် ဖလမ်းကောင်စီခေါင်းဆောင်တစ်ချို့နှင့် စော်ဘွားမောင်ပါကြီးမှ စေလွှတ်သော ကိုယ်စားလှယ်တို့သည် Tawyan ရွာတွင် ၁၈၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ ထိုတွေ့ဆုံပွဲတွင် တာရှန်းကောင်စီ ခေါင်းဆောင်များမှ ဖမ်းဆီးခံရသူ၂၁ဦးအားစော်ဘွားကိုယ်စားလှယ်ထံသို့ အပ်နှံခဲ့သည်။ စော်ဘွားတို့ ချင်းကင်း ရွာသိမ်းပိုက်စဉ်ရွာရှိတာရှန်းပိုင် နွားနောက် ၄၂ ကောင်အား တာရှန်းတို့ထံ ပြန်လည်အပ်နှံရန် စော်ဘွားကိုယ်စား လှယ်များထံသို့ တောင်းဆိုခဲ့ကြသည်။ စော်ဘွားကိုယ်စားလှယ်များမှ မဖြေကြားနိုင်သော အခါ တာရှန်း ခေါင်းဆောင်များက နောက်၁၃ရက်အတွင်းပြန်လည်အပ်နှံရန်တောင်းဆိုပြီး၊ အပ်နှံခြင်းမပြုပါက မြစ်သာနီးနားရှိရွာများစီးနင်းမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ စော်ဘွားဘက်မှ ပြန်လည်အပ်နှံခြင်းမရှိသော အခါ တာရှန်းတို့သည် သတိပေးသည့်တိုင်း ဗြိတိသျှအုပ်ချုပ်သော မြစ်သာမြစ်အနီးရှိ ရွာတစ်ရွာအား စီးနင်းခဲ့ကြသည်။သည်လိုနှင့်ချင်း–ဗမာ–ဗြိတိသျှ ဆက်ဆံရေးသည် အတင်းမာဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ဗြိတိသျှတို့သည် မြေပြန့်အား တာရှန်းတို့မှ နှစ်ပေါင်းများစွာ အကာအကွယ်ပေးခဲ့သည်ကို သတိထားကြသည်။ တာရှန်းတို့အနေနှင့် မြေပြန့်အား စီးနင်းခြင်းမရှိခဲ့ပြီး အခြားချင်းမျိုးနွယ်စုများ စီးနင်းသည့်ဖြစ်ရပ်များတွင်လည်း တာရှန်းတို့မှ အပြစ်ပေးလေ့ရှိသည် ကိုလည်း သတိထားကြသည်။ ၁၈၈၇ မတ်လတွင် တာရှန်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံသည့် နောက်ပိုင်းတွင် စီးယင်း–စာခီလိန်းတို့ဘက်မှ စီးနင်းခြင်းမရှိတော့သည့်အချက်လည်း သတိထားကြသည်။ ယခုအခါ တာရှန်းတို့ကိုယ်တိုင် မြေပြန့်အား စီးနင်းခြင်းပြုလုပ်လာပြီး၊ ၎င်းတို့၏ လုပ်ရပ်ကြောင်း စီးယင်း၊ ဟားခါး နှင့် ဇိုခွားတို့သည်လည်း စီးနင်းခြင်းများ ပြုလုပ်လာမည်ဖြစ်သည်။ သည်လိုဖြစ်လာလျှင် မြေပြန့်သည် ပျက်စီးကုန်မည်ဖြစ်ကြောင်း စိုးရိမ်ခဲ့ကြသည်။ စော်ဘွားဟောင်းများနှင့် ရွှေဂျိုးဖြူမင်းသားတို့ တာရှန်းတို့လက်ထဲတွင် ရှိနေသရွေ့ မြေပြန့်သည် ငြိမ်းချမ်းနိုင်မည်မဟုတ်ကြောင်း၊ ၎င်းတို့အားဗြိတိသျှလက်ထဲသို့မဖြစ်မနေအပ်နှံနိုင်ရန် ကြိုးစားခဲ့ရတော့သည်။ နောက်ပြီး ဗြိတိသျှတို့သည် စစ်ရေးအတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်လာကြသည်။

### ချင်းတောင်မြောက်ပိုင်း စည်းလုံးခြင်း

ဗြိတိသျှတော်လှန်ရေးသည် ရှောင်လွှဲလို့မရသည့် အခြေအနေတွင် ရှိပြီဖြစ်သောကြောင့် တာရှန်းတို့သည် ဖလမ်းမြို့နယ်မှ အင်အားကြီးမျိုးနွယ်စုများ၊ အခြား အင်အားကြီးမျိုးနွယ်စုများဖြစ်သော ဇိုခွါနှင့် ဟားခါး၊ နောက်ပြီး စီးယင်း၊ ကမ်ဟောင်တို့နှင့်လည်း မဟာမိတ်ဖွဲ့ခဲ့ကြသည်။ ဗြိတိသျှတော်လှန်ရေးအတွက် ချင်းတောင်မြောက်ပိုင်းတစ်ခုလုံး စည်းရုံးမှုအား Capt. G.S Eyre ၏ အစီရင်ခံစာ (No. 1060,dated14thNovember1888)တွင် ကွန်ဘိခ်သည် သူ့စစ်သား ၁၀၀၀ နှင့် အတူ ဇိုခွါးဘက်သို့ထွက်ခွာခဲ့သည့် အကြောင်း တွေ့နိုင်သည်။ နောက်ပြီး (No. 74) ၁၈၈၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့အစီရင်ခံစာတွင် ဇိုခွါး၊ ဟားခါး၊ Sakta မျိုးနွယ်စုတို့သည် တွေ့ဆုံမှုများပြုလုပ်ပြီး ဗြိတိသျှအစိုးရအား တိုက်ခိုက်ရန် သဘောတူခဲ့ကြသည်။ ထိုအဖွဲ့အား Kape, Lonta, Aika, Tawa, Lotaw, Sepi နှင့် Sinsit ရွာတို့မှလည်း ဗြိတိသျှတော်လှန်ရေးတွင် ပူးပေါင်းရန် သဘောတူခဲ့ကြသည်။ ၎င်းတို့သည် တာရှန်းတို့ထံသို့ စစ်တပ်အင်အား စေလွှတ်ခြင်းမရှိပေ။ သို့သော် တာရှန်းတို့နှင့် တစ်ထပ်တည်းကျလျက် လှုပ်ရှားရန် သဘောတူခဲ့ကြသည်။ (They will act in accord with the Tashons, but will not join them in the field) တီးတိန်နယ်မှ စီးယင်း၊ ကမ်ဟောင်နှင့် စခီးလင်းမျိုးနွယ်စုတို့သည်လည်း ဗြိတိသျှတို့အား တိုက်ခိုက်ရန် ဖလမ်းကောင်းစီနှင့် ဆွေးနွေးတိုင်တည်ကြသည်။ စီးယင်းစစ်သည်တော်တို့သည် ၁၈၈၈ ခုနှစ် မတ်လလောက်မှစပြီး တာရှန်းတို့နှင့် အစ်တူတစ်ကွ ပူးပေါင်းပြီးဖြစ်သည်။ မြောက်ပိုင်းချင်းလူမျိုးတို့သည် မျိုးနွယ်စုတစ်ခုနှင့် တစ်ခုအကြား ရှိခဲ့သည့်ပြဿနာများအား ဘေးဖယ်ထားကာပြင်ပရန်သူဖြစ်သောဗြိတိသျှတို့အား တိုက်ခိုက်ရန် ဗိုလ်ကွန်ဘိခ်ဦးဆောင်မှုအောက်တွင်စည်းစည်းလုံးလုံးရှိကြသည်။

### ဗြိတိသျှအစိုးရမှ တာရှန်းရွာမ ဖလမ်းသို့ ကိုယ်စားလှယ် စေလွှတ်ခြင်း

ဗြိတိသျှတို့လိုလားသော စော်ဘွားဟောင်းများနှင့် ရွှေဂျိုးဖြူမင်းသားအားသူတို့ထံသို့အပ်နှံနိုင်ရန်အတွက် ဗြိတိသျှအစိုးရသည် နောက်တစ်ကြိမ် ကိုယ်စားလှယ်စေလွှတ်ခဲ့သည်။ ဤတစ်ကြိမ်တွင် မောင်လူကြီးနှင့် မောင်ကောက်တို့သည် ဗြိတိသျှကိုယ်စားလှယ်အဖြစ် တာရှန်းတို့၏မြို့တော် ဖလမ်းသို့ သွားရောက်ပြီး ဗြိတိသျှတို့ လိုလားသောအချက်များကို သွားရောက်တောင်းဆိုခဲ့ကြသည်။ ၎င်းကိုယ်စားလှယ်နှစ်ဦးသည်လည်း တာရှန်း စစ်သည်တော်များကသာ ကိုယ်ရံတော်အဖြစ် ဆောင်ရွက်ရင်း ဖလမ်းသို့ ချောမွေ့စွာ ရောက်ရှိနိုင်ခဲ့ကြသည်။ ဖလမ်းသို့ရောက်ပြီး ဗြိတိသျှတို့၏ တောင်းဆိုချက်များကို ပြောပြပြီးနောက် မြေပြန့်သို့ ပြန်သွားခဲ့ကြပြီး ဗြိတိသျှ အစိုးရထံတွင် ၎င်းတို့၏ ခရီးစဉ်အစီရင်ခံစာတင်ပြခဲ့ကြသည်။ ထိုတင်ပြချက်ကို ပုဂံခရိုင်ဝန် Capt. Eyre ၏ အစီရင်ခံစာ ၁၈၈၈ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့စွဲ တပ်ကြေးနန်းတွင် "လူကြီးနှင့်မောင်ကောက်တို့က တာရှန်းခေါင်းဆောင်များထံသို့ စော်ဘွားဟောင်း၊ ရွှေဂျိုးဖြူနှင့် အပေါင်းအပါများအား ဗြိတိသျှ လက်ထဲသို့ အပ်နှံရန်နှင့် မအပ်နှံပါက ဗြိတိသျှစစ်တပ် ချီတက်လာမည့်အကြောင်း တင်ပြသောအခါ တာရှန်းခေါင်းဆောင်များအကြား အငြင်းပွားမှုဖြစ်ပွားခဲ့သည်။ ဖလမ်းကောင်စီခေါင်းဆောင် ငါးဦးအနက် သုံးဦးကမူ ဗြိတိသျှအစိုးရအား ချက်ချင်းတိုက်ချင်ကြသည်။သို့သော် ကွန်ဘိခ်ကမူ အခြေအနေကိုအရင်လေ့လာချင်သည်။နောက်ဆုံးကွန်ဘိခ်မှ သူတို့အား ပြန်လည်စည်းရုံးနိုင်ခဲ့သည်။ စော်ဘွားဟောင်း (မောင်ရစ်)ကလည်းမောင်ပါကြီးထံသို့ကိုယ်စားလှယ်တို့မှ တစ်ဆင့် စာတစ်စောင်ပို့ခဲ့သည်။သို့သော်စာထဲတွင်ပါဝင်သည့်အချက်အလက်ကိုမူ မိမိမသိပါ။ လူကြီးနှင့် မောင်ကောက်ထံမှ တစ်ဆင့် တာရှန်းတို့သည် စော်ဘွားဟောင်း၊ ရွှေဂျိုးဖြူနှင့် အပေါင်းအပါများအား ဗြိတိသျှ လက်ထဲသို့ လုံဝအပ်နှံမည်မဟုတ်ကြောင်းသိရှိရသည်။ကွန်ဘိခ်သည် Minledaung မှတာရှန်းစစ်သည်တော်များအား မြေပြန့်စီးနင်းခြင်းမပြုရန်နှင့် ရွှေဂျိုးဖြူမင်းသားအားကောင်းကောင်းမွန်မွန် စောင့်ရှောက်ရန် အမိန့်ပေးခဲ့သည်။ နောက်ပြီး စီးယင်း၊ ကမ်ဟောင်နှင့် စာခီလိန်း မျိုးနွယ်စုတို့သည်လည်း ရွာမတွင် ဖလမ်းကောင်စီနှင့် ဗြိတိသျှတိုက်ခိုက်ရေးအတွက် တိုင်ပင်ခဲ့ကြသည်။ ကွန်ဘိခ်သည်ဇိုခွါးသို့စစ်သား၁၀၀၀နှင့်အတူထွက်ခွာခဲ့ကြောင်း မောင်လူကြီးနှင့် မောင်ကောက်ထံမှ သတင်းရရှိသည်။ ကိုယ်စားလှယ်တို့၏ တင်ပြချက်အရ ကွန်ဘိခ်နှင့် တာရှန်းတို့သည် ချင်းတောင်မြောက်ပိုင်း တစ်ခုလုံးအား စည်းရုံးကာ ဗြိတိသျှအစိုးရအား တိုက်ခိုက်ရန်ပြင်ဆင်ကြကြောင်း ထင်ရှားသည်။ ကွန်ဘိခ်သည် ကိုယ်စားလှယ်ထံသို့ အဖိုးတန်လက်ဆောင်ပဏ္ဏာများထည့်ပေးပြီးတာရှန်းနယ်အားဗြိ–တိသျှစစ်တပ်အနေနှင့် သိမ်းပိုက်ခြင်းမပြုရန် မေတ္တာရပ်ခံခဲ့သည်"။

## စာ (၃) မှ မီဇိုရမ်တွင် ချင်းအမျိုးသား တစ်ဦးထံ ရူပီး ၃၁ သိန်း ကျော်တန်ဖိုးရှိ ရွှေပြားများ ဖမ်းဆီးမိ အဆက်

အဆိုပါ ရွှေပြားနှင့်အတူ ပိုင်ရှင်ဟုယူဆရသော ကလေးမြို့နယ် တာဟန်း (B) ရပ်ကွက်နေ Ginlam-mang (48) ကို ဖမ်းဆီးကာ အမှုဖွင့်ဆိုထားကြောင်း သိရသည်။

အလားတူ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့ကလည်း အိန္ဒိယပြည်မဘက်သို့ တင်ပို့မည့် ရူပီးငွေ သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ရွှေပြား (၁၅၀) ပြားကို အိန္ဒိယ–မြန်မာ နယ်စပ် မီဇိုရမ် ပြည်နယ်တွင် မြန်မာနိုင်ငံသားတစ်ဦးထံမှ ဖမ်းဆီးခဲ့သည်။■

# စာ (၆) မှ ချင်းအမျိုးသားနေ့သမိုင်း အဆက်

များအား မနစ်နာစေရန် ပင်စင်ထောက်ပံ့ကြေးများပေးရန်၊ ရှေးခေတ်မှအသုံးပြုသော ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန် တင်သွင်းခဲ့ကြသည်။ ထိုအစီရင်ခံစာသည် ချင်းတောင်တစ်ခွင်တွင် စုံစမ်းခြင်းပြုလုပ်သည့် အဖြေများ ဖြစ်သည်နှင့်အမျှ လူထုဆန္ဒကို ပေါ်လွင်စေသည်။ နိုင်ငံတော်အစိုးရမှလည်း အဆိုတင်သွင်းမှုများကို ထောက်ခံပြီး၊ ချင်းရေးရာကောင်စီက ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်း ( ဥပဒေများသက်ဆိုင်ခြင်း)အက်ဥပဒေကို ၁၂–၁၀–၁၉၄၈ ခုနှစ်တွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)ညီလာခံက အက်ဥပဒေအဖြစ် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ထိုညီလာခံတွင် ချင်းရေးရာကောင်စီမှ ရေးဆွဲထားသော “ချင်းဝိသေသတိုင်း အက်ဥပဒေ” ကိုလည်းအတည်ပြုခဲ့ကြသည်။ ဤအက်ဥပဒေအရ ၁၈၉၆ ခုနှစ် ချင်းတောင်တန်း အက်ဥပဒေကို ဖျက်သိမ်းပြီး ချင်းလူမျိုးများကိုယ်တိုင်ရေးဆွဲသော ဥပဒေအား အသုံးပြုခဲ့ကြသည်။

ချင်းအမျိုးသားနေ့အတွက် ရက်ရွေးခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း

ဦးဝမ္မသူးမောင်းခေါင်းဆောင်သော ချင်းရေးရာကောင်စီသည် အုပ်ချုပ်ရေးပြောင်းလဲခြင်းနှင့်အခြား လုပ်ငန်းများဖြင့် ၁၉၄၈–၄၉ အတွင်းလုံးပန်းကြိုးစားခဲ့ကြရသည်။ ချင်းလူမျိုးတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် အရေးပါသော လူမျိုးဖြစ်သည့် အထိမ်းအမှတ်ကျင်းပရန် အရေးကြီးလိုအပ်သည်ကိုလည်း အသိအမှတ်ပြုလာကြသည်။

ချင်းရေးရာကောင်စီ အစည်းအဝေး (၁၉၅၀ အောက်တိုဘာ ၉ ရက်နေ့) ၏ ဆုံးဖြတ်ချက်

၁၉၅၀ အောက်တိုဘာလ (၉) ရက်နေ့–တွင် ကျင်းပသော ချင်းရေးရာကောင်စီ အစည်းအဝေးတွင် ချင်းအမျိုးသားနေ့ မည်သည့်အတွက်လိုအပ်ကြောင်းနှင့် ထိုနေ့ထူးနေ့မြတ်အတွက် ချင်းသမိုင်းတွင် အရေးကြီးသောရက်တစ်ရက် ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် ဤအစည်းအဝေးမှ ဆုံးဖြတ်ချက်သည် သာလျင် ချင်းအမျိုးသားနေ့သမိုင်းအတွက်အရေးကြီးဆုံးအထောက်အထားဖြစ်သည်ဟု ယုံကြည်မိပါသည်။ ဤအစည်းအဝေးမှတ်တမ်းအား ရန်ကုန်မြို့၊ အမျိုးသားမော်ကွန်း၌ာနရှိ စာ–အမှတ် Acc-24084 တွင်ရရှိခဲ့ပြီး အစည်းအဝေးမှတ်တမ်းအတိုင်း ဖော်ပြသွားမည် ဖြစ်သည်။

အဆိုအမှတ် (၂)။ ချင်းအမျိုးသားနေ့ အဖြစ် ရွေးချယ်သတ်မှတ်ရန် ကိစ္စကို ဆွေးနွေး၍ အတည်ပြုရန်

ဦးဝမ္မသူးမောင်း (ချင်းရေးရာဝန်ကြီး၊ ကန်ပက်လက်နယ်အမတ်)။ ချင်းအမျိုးသားနေ့အဖြစ်သတ်မှတ်ရန်ဟူသော အဆိုကိုတင်သွင်းရခြင်းမှာအမျိုးသားနေ့ဆိုတဲ့ အထိမ်းအမှတ်ကို ကမ္ဘာနှင့်အဝှမ်းသတ်မှတ်ကြတဲ့ ထုံးတမ်းစဉ်လာရှိတဲ့အတွက် ချင်းအမျိုးသားတွေမှာလည်း ချင်းအမျိုးသားနေ့ရှိသင့်တယ်လို့ယူဆတဲ့အတွက် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ဦးဆံနိမ်း (မတူပီနယ် အမတ်)။ ချင်းအမျိုးသားနေ့ဟု သတ်မှတ်ရန်အတွက် ဤအဆိုကို ထောက်ခံပါတယ်

ဦးဝမ္မသူးမောင်း။ ချင်းအမျိုးသားနေ့ သတ်မှတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ အနည်းငယ်ပြောလိုပါတယ်။ ဤကိစ္စနှင့် ပက်သက်၍ ချင်းဝိသေသတိုင်း မင်းကြီး အခြားပုဂ္ဂိုလ်များနှင့် နေ့သုံးနေ့ကိုမူတည်ပြီး ဆွေးနွေးခဲ့ဘူးပါတယ်။ အပြီးသတ်ဆုံးဖြတ်အတည်မပြုရသေးပါဘူး၊ အဲဒီနေ့သုံးနေ့ကတော့ ပထမ၊ မေမြို့ကို အင်ကွာရီကော်မတီ စေလွှတ်တဲ့နေ့။ ဒုတိယ၊ Chief ခေါ်တိုက်သူကြီးတို့ အုပ်ချုပ်မှုလက်အောက်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသစ်သို့ ပြောင်းလဲခဲ့သည့် ဖလမ်းမြို့တွင်လူထုညီလာခံ ကျင်းပသော ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ (၂၀) ရက်နေ့။ တတိယ၊ ချင်းဝိသေသ တိုင်း အက်ဥပဒေ ပြဋ္ဌာန်းအတည်ပြုတဲ့နေ့။ ဤသုံးရက်အနက် မည်သည့်နေ့ကို ပြဋ္ဌာန်းသင့်တယ်ဆိုတာ ဆွေးနွေးပြီး အတည်ပြုရန်ဖြစ်ပါတယ်။

ကပ္ပတိန်မန်းသုန်းနုန်း (တီးတိန်နယ် အမတ်)။ သဘာပတိကြီးခင်ဗျား၊ ဤအဆိုနှင့်ပက်သက်ပြီး ကျွန်တော် နည်းနည်းဝေဖန်ချင်ပါတယ်။ ၁၉၄၆ ခုမတ်လ ပင်လုံကွန်ဖရင့်၊ ၁၉၄၇ ခု ဇန္နဝါရီလ ကုန်ခါနီး ဖေဖော်ဝါရီလတွင် ဒုတိယ ပင်လုံကွန်ဖရင့်၊ ၁၉၄၇ ခုနှစ်မတ်လနှင့် ဧပြီလမှာ တောင်တန်းဒေသအင်ကွာရီကော်မရှင်မေမြို့ အစရှိတဲ့ အဆိုရှင်အမတ်မင်းတင်သွင်းတဲ့အတိုင်းဖြစ်ပါတယ်။ ၁၉၄၆ ခုနှစ်မတ်လတွင် ကျင်းပခဲ့တဲ့ ပင်လုံကွန်ဖရင့်မှာ ပြည်ထောင်စုနှင့် တောင်တန်းဒေသ၏ အခြေအနေ၊ ဒုတိယပြည်မနှင့် အဆက်အသွယ် ပြုလုပ်ဖို့အတွက် ပြည်မမှာရှိတဲ့ ခေါင်းဆောင်များနဲ့တောင်တန်းဒေသမှာရှိတဲ့ နယ်အသီးသီးမှ ကိုယ်စားလှယ်တွေက ပြည်ထောင်စုထဲမှာ ပေါင်းဖို့သဘောတူပြီးနောက် ၁၉၄၇ ခုနှစ်ဇွန်လ ၁၀ ရက်နေ့မှာ ပြည်မရှိလူထုကိုယ်စားလှယ်အားလုံး စုပေါင်းပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းခဲ့ပါတယ်။ ၆ လတိုင်တိုင် လူထုကိုယ်စားလှယ် ၂၅၀ က ဆုံးဖြတ်တဲ့မူကိုဘိလပ်အစိုးရက လက်ခံအတည်ပြုပြီး ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့မှာ အချုပ်အချာအာဏာပိုင်တဲ့ လွှတ်လပ်ရေးကို ပေးခဲ့ပါတယ်။ လွှတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်လာသည်နှင့်အမျှ တပြိုင် နက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်၊ နံနက် ၁၁ နာရီအချိန်မှာချင်းလူထုညီလာခံကို ဖလမ်းမြို့မှာ ကျင်းပခဲ့တဲ့အတွက်၊ အုပ်ချုပ်ရေးမူဟောင်းမှ ဒီမိုကရေစီမူသစ်အုပ်ချုပ်ရေးသို့ ပြောင်းလဲခဲ့တဲ့အတွက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက် ၁၁ နာရီ အချိန်ကို ချင်းအမျိုးသားနေ့အဖြစ် ပြဋ္ဌာန်းသတ်မှတ်ရန် လေးလေးနက်နက် ထောက်ခံပါတယ်။

ဦးဆံနိမ်း။ ကပ္ပတိန်မန်းသုန်းနုန်း ပြောတဲ့စကားထဲမှာကျွန်တော်ပြောလိုတာက ကျွန်တော်တို့ တောင်ပိုင်း ချင်းတောင်မှာ ဖေဖော်ဝါရီလဆိုရင် စပါးရိတ်ချိန်ဖြစ်နေ၍ လူထုအများ အားလပ်ရက် မရနိုင်သည့်အတွက် ဒီဇင်ဘာလလောက်တွင် သတ်မှတ်ပေးရန် ပြောလိုပါတယ်။

ဦးလျင်ထုမ်း (သဘာပတိ)။ ဦးဆံနိမ်းက ကပ္ပတိန်မန်းသုန်း၏ အဆိုကို ထောက်ခံပါသလား (သို့မဟုတ်) ကန့်ကွက်ပါသလား။

ဦးဆံနိမ်း။ ဒီဇင်ဘာလ (သို့) ဇန္နဝါရီလ ၂၅ ရက်နေ့တွင် သတ်မှတ်ပေးရန် ဖြစ်ပါတယ်။

ကပ္ပတိန်မန်းသုန်းနုန်း။ ကျွန်တော်ပြောနေတာက ဖေဖော်ဝါရီလ ၂၀ ရက်တိုင်းမှာ လူထုအစည်းအဝေး ကျင်းပပြုလုပ်ရန်အတွက် ပြောဆိုထောက်ခံနေခြင်းမဟုတ်ပါ။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့သည် ချင်းအမျိုးသားနေ့ဟူ၍ သာအထိမ်းအမှတ်သဘောနှင့် ရှိစေရန် အတွက် ထောက်ခံနေခြင်းဖြစ်ပါတယ်။

ဦးဆံနိမ်း။ ကျွန်တော်အဆိုကို မကန့်ကွက်ပါ။

ကပ္ပတိန်မန်းသုန်းနုန်း။ မူလအဆိုတွင် (ချင်းအမျိုးသားနေ့)နောက်မှ(၁၉၄၈ခု၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့) ဟု ထပ်မံဖြည့်စွတ်ရန် အဆိုတင်သွင်းပါတယ်။

ဦးလျင်ထုမ်း (သဘာပတိ)။ ပြင်ဆင်ချက်အဆိုကို ကောင်စီကသဘောတူပါသလား။

အမတ်အားလုံးသဘောတူသဖြင့် အောက်ပါအတိုင်းအဆိုကို ပြင်ဆင်၍ ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရွေးချယ်အတည်ပြုလိုက်သည်။ “ချင်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အဖြစ် ရွေးချယ်သတ်မှတ်ရန်ကိစ္စကိုဆွေးနွေး၍အတည်ပြုရန်”။ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက် ၁၁ နာရီအချိန်ကို ချင်းအမျိုးသားနေ့ ဟူ၍ ချင်းရေးရာကောင်စီမှ ရွေးချယ်အတည်ပြုပါသည်။

ဤချင်းရေးရာကောင်စီ အစည်းအဝေးမှတ်တမ်းသည် အရှင်းလင်းဆုံးနှင့် အခိုင်လုံဆုံးသက်သေ အထောက်အထား ဖြစ်သည်။ ဦးဝမ္မသူးမောင်း၏ အကြောင်းပြချက်သည် ရှင်းလင်းသည်။ အဘယ်ကြောင့် ချင်းအမျိုးသားနေ့ ရှိသင့်သနည်း။ ကမ္ဘာအနှံ့တွင် အမျိုးသားနေ့များရှိကြသည့် အစဉ်အလာရှိသောကြောင့် သူ့အနေနှင့် ချင်းလူမျိုးတို့သည်လည်း အမျိုးသားနေ့ရှိသင့်သည်ဟု ယူဆခြင်းကြောင့်ဖြစ်သည်။ ထိုနေ့အတွက် ချင်းသမိုင်းတွင်အရေးကြီးသည့် နေ့သုံးရက်ထဲမှ နေ့ရက်တစ်ရက်ဖြစ်သော ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်အားရွေးချယ်ကြခြင်းဖြစ်သည်။ အဘယ်ကြောင့် ချင်းအမျိုးသားနေ့ရှိသင့်သည်ဆိုတဲ့ အချက်နဲ့ အမျိုးသားနေ့အတွက် ရက်တစ်ရက်ရွေးချယ်သည့် အချက် ကွဲပြားခြားနားဖို့လိုပါတယ်။

နိဂုံး

ချင်းရေးရာကောင်စီ အစည်းအဝေးမှတ်တမ်းသည် ချင်းအမျိုးသားနေ့ သမိုင်းပြောကြားရာတွင် အခိုင်လုံဆုံးသက်သေ အထောက်အထားဖြစ်သည်။ ကမ္ဘာအနှံ့တွင် အမျိုးသားနေ့များရှိကြသည့် အစဉ်အလာရှိကြသည်။ ၎င်းတို့အမျိုးသား နေ့များတွင် လူမျိုးတစ်မျိုးဖြစ်ကြသည်၊ လူမျိုးတစ်မျိုး အဖြစ်တည်ရှိကြသည်ကို အထိမ်းအမှတ်ပွဲများဖြင့် ဆင်နွဲလေ့ရှိကြသည်။ ထိုနေ့ထူးနေ့မြတ်အတွက် ရွေးချယ်

စာ (၁၂) သို့

# ဆိုင်းငံ့ခံရသည့် ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခွင့်ပြုရန် CNDP တောင်းဆို

၈ ဖေဖော်ဝါရီ ၂၀၁၇

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆုံးဖြတ်ချက်အရဆိုင်းငံ့ခံထားရသည့် ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးကျင်းပခွင့် ပြုရန် ချင်းအမျိုးသားဒီမိုကရက်တစ် (CNDP) ပါတီက ယနေ့တောင်းဆိုလိုက်သည်။

ချင်းပြည်နယ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပခွင့် ဆိုင်းငံ့ခံရမှုသည် ချင်းအမျိုးသားတပ်ဦး၊ ချင်းနိုင်ငံရေးပါတီများနှင့် ချင်းအရပ်ဘက်လူ့အဖွဲ့အစည်းများ အဆင့်သင့်မဖြစ်ခြင်းကြောင့် မဟုတ်ဘဲ ပြည်ထောင်စုအစိုးရဘက်မှ လိုလားမှုမရှိ၍ခွင့်မပြုခြင်းသာဖြစ်ပြီး NCAစာချုပ်ပါအတိုင်း ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး ခွင့်ပြုပေးရန် အလေးအနက်တောင်းဆိုသည်ဟု ဖေဖော်ဝါရ ၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော CNDP၏ ကြေညာချက်တွင် ဖော်ပြထားသည်။

“ဒီအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးဖို့အတွက် CNF၊ ချင်းပါတီ နဲ့ ချင်းအရပ်ဘက်အဖွဲ့အစည်းတွေက ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလကတည်းက တော်တော်လေးကို ကျနော်တို့ပြင်ဆင်ဆောင်ရွက်ပြီးပြီ၊ ဘဏ္ဍာငွေရှာဖွေရေးကအစ အဆင်သင့်ဖြစ်နေပြီ၊ ဒီလိုဟာမျိုးအကြောင်းပြတဲ့ဟာတွေ အစိုးရဘက်ကနေသော်လည်းကောင်း၊ UPDJCဘက်ကနေသော်လည်းကောင်း အကြောင်းပြတဲ့ဟာတွေက လုံးဝအကြောင်းပြချက်သက်သက်သာဖြစ်တယ်၊ ကျနော်တို့ အဆင်သင့်ဖြစ်နေပါတယ်၊ ဒါကြောင့် အမြန်ဆုံးကျင်းပခွင့်ပြုဖို့ လေးလေးနက်နက်တောင်းဆိုတာဖြစ်တယ်” ဟု CNDP အထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ် ထောင်းကပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၆ ရက်နေ့က နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ၂၁ ရာစုပင်လုံညီလာခံ ဒုတိယအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပမည်ဟု ဆုံးဖြတ်ခဲ့ကြပြီး ယင်းညီလာခံ မတိုင်ခင်ကြားကာလအတွင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ချင်းနှင့်ရခိုင်ပြည်နယ်တွင် မလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ချင်းနှင့်ရခိုင်ကို ဆိုင်းငံ့ထားသော်လည်း ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA) ထိန်းချုပ်ရာနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့မှာမူ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပခွင့်ပြုခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးက “သူတို့ကိုအားလုံးပိတ်ပင်နေတာမှမဟုတ်တာဒီ ၂၁ ပင်လုံ ဒုတိယ ပင်လုံ ဖေဖော်ဝါရီ ၂၈ လုပ်မယ့်ဟာပြီးသွားရင်လည်း နောက်ထပ်ညီလာခံလည်းရှိနေမှာဘဲ အခြေအနေရပေါ့နော် အဲဒီမှာ UPDJCအဖွဲ့ဝင်တွေ ဝိုင်းပြီးတော့ ဆွေးနွေးကြတာ ဒီကြားကာလမှာ ပြီးစီးအောင်မြင်နိုင်မယ့်အခြေအနေပေါ့လေ၊ အဲလိုမျိုးအခြေအနေပေါ် မူတည်ပြီးတော့ ဝိုင်းပြီးတော့ဆုံးဖြတ်တာဖြစ်တယ်” ဟု ခိုနူမ်းသုန်သတင်းဌာနကိုပြောသည်။

ထို့အပြင် ဦးဇော်ဌေးက ချင်းအမျိုးသားတပ်ဦးသည် ချင်းအားလုံးကို ကိုယ်စားမပြုကြောင်း ဆက်ဆံရေးရုံးဖွင့်လှစ်ဖို့တောင် ဒေသခံများက လက်မခံကြောင်း၊ ချင်းပြည်နယ်တွင် တောင်ပိုင်း မြောက်ပိုင်း ကွဲပြားနေသည့် သဘောရှိနေကြောင်း အခြားသော သတင်းမီဒီယာများတွင် ပြောဆိုခဲ့သည်။

ဆလိုင်းကျဲအိုဘိခ်ထောင်က “သူတို့အကြောင်းပြတဲ့ဟာက လုံးဝမခိုင်လုံဘူး၊ ကျနော်တို့ကို မပြောသင့်တဲ့ စကားပေါ့ဗျာ၊ တိုင်းရင်းသားအချင်းချင်းကြားကို ကျနော်တို့ကို တန်းတူဆက်ဆံသလား၊ တချို့ကျ ခွင့်ပြုပြီးတော့ တချို့ကျခွင့်မပြုဘူး တကယ်တမ်းက ရှမ်းပြည်မှာထက် ချင်းပြည်မှာက လုံးခြုံရေးအရရော တည်ငြိမ်မှုရှိတာပဲလေ၊ တောင်ပိုင်းတွေ မြောက်ပိုင်းတွေ မညီဘူးဆိုတဲ့ဟာက တကယ့်ကို မပြောသင့်တဲ့ စကားတွေပေါ့ဗျာ၊ မညီညွတ်ဘူးဆိုတဲ့ဟာကို ဘယ်အထောက်ထားကိုအခြေခံပြီးပြောတာလဲ၊ သူကိုယ်တိုင်ကကော် ချင်းပြည်နယ်ကို လာဖူးသလား၊ အဝေးကနေ နေပြည်တော်မှာထိုင်ပြီးချင်းတောင်ပိုင်းမြောက်ပိုင်းတွေကွဲတယ်ဆိုတဲ့ဟာက ကျနော်တို့ကို သွေးခွဲတာရောက်သလို ခွဲခြားဆက်ဆံရာလည်း ရောက်တယ်၊ ကျနော်လုံးဝလက်မခံဘူး၊ သူ့ရဲ့ပြောဆိုချက်တွေကို သူကိုယ်တိုင်ဝန်ချတောင်းပန်ဖို့ကောင်းတယ်” ဟု ခိုနူမ်းသုန်ကိုပြောသည်။

ယခုကဲ့သို့ ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်းငံ့ခံရခြင်းကြောင့် ချင်းအမျိုးသားတပ်ဦး CNF အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –၂၁ ရာစုပင်လုံ ဒုတိယ အစည်းအဝေးကို တက်ရောက်မည်မတက်ရောက်မည်ကို ပြန်လည်စဉ်းစားရမည်ဟု (CNF) ဒုတိယဥက္ကဋ္ဌ ၂ ဒေါက်တာ ဆလိုင်းလျန်မှုန်းက ပြောဆိုကြောင်း Frontier သတင်းဌာနတွင်ဖော်ပြထားသည်။ ■

# စာ (၄) မှ မတ်လကုန်အထိ မပြောင်းရွှေ့နိုင်သည့် ရေဘေးသင့် ပြည်သူများ အိမ်နေရာသစ် အစိုးရ ပြန်သိမ်းမည် အဆက်

ပေးရမှာဖြစ်ကြောင်း ဝန်ကြီးက ဆက်ပြောသည်။

“အရပ်ဘက်အဖွဲ့အစည်းတို့ ဝိုင်းကူပေါ့ဗျာ၊ အဲဒီဟာကို ပြန်လည်ထူထောင်ရေးလုပ်နေတဲ့ အဖွဲ့အစည်းတွေရှိတာပဲ၊ HRC တို့၊ CCERR တို့ အဲဒီအဖွဲ့တွေက ဝိုင်းကူပေးပေါ့ဗျာ၊ တစ်ချို့ကျတော့လည်း မဆောက်နိုင်တာမဟုတ်ဘူး၊ အကူအညီများ ရလိုရညားပေါ့၊ အစိုးရကများ ထပ်ပေးလိုပေးညားဆိုပြီးတော့မှ သူတို့စောင့်နေတာ အစိုးရမှာက ပိုက်ဆံမရှိဘူးလေ ဒီအိမ်ငြားတွေအတွက်က ”ဟုဝန်ကြီးကပြောသည်။

အိမ်ထောင်စု (၇၈) ခုအတွက် အိမ်နေရာ ချပေးနိုင်ရန် အစိုးရထံတင်ပြခဲ့သည့်အတွက် အစိုးရ တာဝန်ရှိသူများက စီစစ်ပြီး ကွက်သစ်နေရာတွင် နေရာချပေးခြင်းဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ပြည်သူ (၄၀၀) ကျော်အတွက် အစိုးရက အိမ်ပေးပြီး တချို့ပြည်သူများက (ဟားခါးသစ်ရပ်ကွက်) ခေါ် ကွက်သစ်နေရာတွင် မိမိဘာသာအိမ်ဆောက်ပြီး နေထိုင်ကြ ခြင်းဖြစ်ရာ ယခုဆိုအိမ် ထောင်ကျော် ရှိလာပြီဖြစ်သည်။

သို့သော်ယခုအထိအိမ်ထောင်စု တော်တော်များများ သောက်ရေ၊ လျှပ်စစ်မီးနှင့် နေ့စဉ် ဝမ်းစာအတွက် အလုပ်အကိုင်ရှားပါးမှုနှင့် ကြုံတွေ့နေဆဲဖြစ်သည်။ ■

# ချင်းပြည်နယ်မှာရှိတဲ့ ကျောင်း ၁၀၀ ဝန်းကျင်ကို အဆင့်မြှင့်တင်ရန် လုပ်ဆောင်နေ



၀၇ ဖေဖော်ဝါရီလ ၂၀၁၇

ချင်းပြည်နယ်မှရှိတဲ့ အဆင့်မြှင့်တင်ဖို့လိုအပ်နေတဲ့ ကျောင်း ၁၀၀ ဝန်းကျင်ကို အဆင့်မြှင့်တင်ရန် ပညာရေးဝန်ကြီးဌာနကို စာတင်ထားတယ်လို့ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နဲ့ စက်မှုဝန်ကြီးဌာနဝန်ကြီး ဆလိုင်း အိုက်ဇက်ခင်က ပြောပါတယ်။

ယခုအနေအထားများအရ ကျောင်းတွေကို အဆင့်မြှင့်တင်နိုင်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမ အင်အားနဲ့ ကျောင်းရဲ့ အသုံးအဆောင်ပစ္စည်းတွေကို တိုးမြှင့်ပေးနိုင်ပြီး ပညာရေးကဏ္ဍမှာ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်မယ်လို့ ဝန်ကြီးက ပြောပါတယ်။

“ဥပမာအားဖြင့် မူလွန်အဆင့်ပဲရှိတဲ့ကျောင်းဆိုရင် အလယ်တန်းကျောင်းခွဲအဆင့်ကို တိုးရမယ်ပေါ့နော်။ တိုးလိုက်ခြင်းအားဖြင့် ဆရာအရေအတွက်လည်း တိုးလာမယ်။ သင်မယ့်ဆရာ၊ ဆရာမတွေရော ကျောင်းအဆောက်အဦး တွေရော တိုးမြှင့်ရရှိလာမယ်။ အလယ်တန်းကျောင်းခွဲကနေ အလယ်တန်းအဆင့်ကို တိုးမြှင့်ပေးခြင်းအားဖြင့် သင်ကြားရေးမှာရော၊ ဆရာ/မတွေရော၊ ကျောင်းအဆောက်အဦးတွေကအစ စုံစုံလင်လင်ရှိလာမယ်” လို့ ပြောပါတယ်။

၎င်းက ဆက်လက်၍ “တိုးမြှင့်

စာ (၁၂) သို့

# စာ (၁၀) မှ ချင်းအမျိုးသားနေ့သမိုင်း အဆက်

ကြသောနေ့နှင့် အကြောင်းအရင်းမှာမူ မတူကြပေ။ ဥပမာ။ Norway, Denmark, India, Malta, Poland နှင့် Slovakia စသည့်နိုင်ငံများတွင် သူတို့ နိုင်ငံနှင့်လူမျိုးအတွက်ဖွဲ့စည်းပုံအခြေခံ ဥပဒေ စတင်ရှိသည့်/သုံးစွဲသည့်နေ့ကို ၎င်းတို့၏ အမျိုးသားနေ့အဖြစ်သတ်မှတ်ကြသည်။ တစ်ချို့ နိုင်ငံများသည် ကိုလိုနီလက်အောက်ခံဘဝမှလွတ်လပ်ရေးရရှိသောနေ့ကို အမျိုးသားနေ့ အဖြစ် သတ်မှတ်ကြသည်။ တစ်ချို့ နိုင်ငံသည်လည်း သူတို့နိုင်ငံဘုရင် မွေးနေ့အား အမျိုးသားနေ့အဖြစ်သတ်မှတ်ကြသည်။ဤကဲ့သို့ကမ္ဘာအနှံ့တွင် အမျိုးသားနေ့များရှိကြသကဲ့သို့ ကျွန်တော်တို့ ချင်းလူမျိုးတို့သည်လည်း ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်းရှိ လူမျိုးတစ်မျိုးအဖြစ် ထာဝစဉ်ရပ်တည် နိုင်ရေးအတွက် အမျိုးသားနေ့လိုအပ်ကြောင်း ချင်းရေးရာကောင်စီမှ နားလည်လာခဲ့သည်။ ထိုနေ့အတွက် ချင်းသမိုင်းတွင် အရေးကြီးနေ့ထူးနေ့မြတ်ဖြစ်သော ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် နေ့အား ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ချင်းရေးရာကောင်စီသည် ပြောင်းလဲနေသောကမ္ဘာကြီးနှင့် အတူ ရင်ဘောင်တန်းလျှောက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်သည်။

ချင်းအမျိုးသားနေ့နှင့် ချင်းအမျိုးသားနေ့အတွက် ရက်တစ်ရက် ရွေးချယ်ခြင်းဟာမတူပါဘူး။ ဥပမာ– ရှေးခေတ်တုန်းက ချင်းတောင်မှာ မှတ်ပုံတင်ရှိဖို့မလိုပါ။ တောင်ယာလုပ်၊ အမဲလိုက်ရင်း ရိုးရိုးရှင်းရှင်းအသက်ရှင်ခဲ့ကြတယ်။ သို့သော်ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်ရင်ဘောင်တန်း ပြောင်းလဲဖို့ဆိုရင်မှတ်ပုံတင်ရှိဖို့လိုအပ်လာတယ်။မှတ်ပုံတင်ရှိမှမည်သူမည်ဝါဖြစ်ကြောင်း (Identity) သက်သေပြနိုင်မယ်။ အိမ်ထောင်စုစာရင်းရှိလာမယ်။အိမ်ဝယ်/ လျှောက်လို့ရမယ်။ခရီးသွားလို့ရမယ်။ ထို့ကြောင့် မှတ်ပုံတင်ပြုလုပ်ဖို့မရှိမဖြစ်လိုအပ်လာတယ်။ သူများတွေလို မှတ်ပုံတင်ရှိဖို့လိုအပ်ကြောင်း နားလည်လာတယ်။ မှတ်ပုံတင်လုပ်ဖို့မွေးသက္ကရာဇ်လိုလာတယ်။ သို့သော်မိမိ၏မွေးနေ့အတိအကျကိုမူ မသိကြချေ။ ထို့ကြောင့်မိမိဘဝ၏ အရေးကြီးသောရက်များအားပြန်လည်သုံးသပ်ပြီး ထိုနေ့များထဲမှ နေ့တစ်နေ့ကို ရွေးချယ်ပြီးမှတ်ပုံတင်ရှိလာတယ်။ မြန်မာပြည်မှာ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြနိုင်ပြီဖြစ်သည်။ ကျွန်တော်ဆိုလိုချင်တာက မှတ်ပုံတင်ရရှိရေး၊ မှတ်ပုံတင် ရရှိခြင်း၏ အကျိုးများသည်မိမိမွေးနေ့ရွေးချယ်ခြင်းထက် ပိုပြီးအရေးကြီးသည်။ ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးအားလုံးအတွက်ဖြစ်သည်။ ချင်းအမျိုးသားနေ့အားဖြင့် မိမိတို့ချင်းလူမျိုးများသည် ကမ္ဘာတွင်မည်သူမည်ဝါဖြစ်ကြောင်းနှင့် မိမိတို့၏ သမိုင်းနှင့် ယဉ်ကျေးမှုများ ပြသခွင့်ရရှိကြတော့သည်။ အလွန်မွန်မြတ်သည့် နေ့ပင်ဖြစ်သည်။

ချင်းအမျိုးသားနေ့တိုင်း ရှေးခေတ်တိုက်သူကြီးစနစ်အားရှုတ်ချပြောဆိုမှုများ၊ တိုက်သူကြီးများအားဝေဖန်ပြောဆိုမှုများမပြုလုပ်ရန် အရေးကြီးသည်။ တိုက်သူကြီးများသည်ချင်းတောင်တန်းအတွက်လယ်မြေခွဲဝေရာတွင်၎င်း၊ အခွန် ကောက်ခံရာတွင်၎င်း၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများတွင်လည်း သူတို့ခေတ်နှင့်လျှော်ညီစွာအကောင်းဆုံးစဉ်းစားတွေးခေါ်ကာ အုပ်ချုပ်ခဲ့ကြသူများဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ချင်းပြည်၏ အနာဂတ်ခရီးအတွက် အင်္ဂလိပ်၊ ဗမာနှင့် အခြားတိုင်းရင်း သားများနှင့် အားကြိုးမာန်တက်ဆွေးနွေးခဲ့ကြသည်။ ချင်းပြည်ကြီးအတွက် အကောင်းဆုံးအားရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။သူ–တို့၏ ကြိုးပမ်းအားထုတ်မှုမရှိခဲ့လျှင် ကျွန်ုပ်တို့ ချင်းတိုင်းရင်း သားတို့၏ ရှေ့ခရီးသည်အဘယ်ပုံဖြစ်ပေါ်လာမည်ကိုမခန့်မှန်းနိုင်ချေ။သူတို့၏ကြိုးပမ်းမှုကြောင့်ချင်းလူမျိုးတို့သည်လွတ်လပ်သော လူမျိုးအဖြစ်သို့ရောက်ရှိခဲ့ပြီး၊ ယင်းမှတဆင့် ချင်းအမျိုးသားနေ့ပါ မွေးဖွားလာခဲ့ခြင်း ဖြစ်ပေသည်။

၁၉၅၆ ခုနှစ် ချင်းရေးရာဝန်ကြီး ဦးဇာဟဲလျန်လက်ထက်တွင် ချင်းရေးရာကောင်စီမှ ချင်းအမျိုးသားနေ့ ကျင်းပသည့်နေ့ရက်ကို ပါလီမန်ကျင့်စဉ်နှင့်အညီ ဆွေးနွေးကြပြီးမှ ရက်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြသည်။ သူဦးဆောင်သောချင်းရေးရာကောင်စီသည်လည်း ချင်းအမျိုးသားနေ့အား ပယ်ဖျက်ခြင်းမဟုတ်ပေ။ ချင်းအမျိုးသားနေ့ကျင်းပသည့် နေ့ရက်အားပြောင်းလဲခြင်းသာဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် ဦးထန်လျန်းသည် ချင်းရေးရာဝန်ကြီးဖြစ်လာပြီး သူမဲဆွယ်ပေးခဲ့သည့်အတိုင်း ချင်းအမျိုးသားနေ့ကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့သို့ပြန်လည်သတ်မှတ်လိုက်သည်။ ထိုနောက်တော်လှန်ရေးကောင်စီ တက်လာသောအခါ ချင်းအမျိုးသားနေ့အား ဝိသေသတိုင်းနေ့သို့ပြောင်းလဲရန် ကြိုးပမ်းမှုများဖြစ်ပေါ် လာခဲ့သည်။

ချင်းအမျိုးသားနေ့အား လွပ်လပ်ရေးကာလ ချင်းအမျိုးသားခေါင်းဆောင်များ ဆုံးဖြတ်ကြသည့်အတိုင်းသာ ရှိသင့်သည်ဟု ယုံကြည်မိပါသည်။ နာမည်ပြောင်းခြင်း၊ မိမိတို့နိုင်ငံရေးဦးတည်ရာဘက်သို့ အမျိုးသားနေ့အား ခေါ်ဆောင်ခြင်းများ မပြုလုပ်ရန်အရေးကြီးသည်ဟုစာရေးသူ ယုံကြည်မိပါသည်။

ချင်းအမျိုးသားနေ့အား ပျော်ရွှင်စွာ ဆင်နွဲနိုင်ကြပါစေ။

References:


1. Documents from National Archive Department, Yangon.
2. Chin National Day by Hrangtar Nawnkhar. Hrangtar Nawnkhar conducted a thorough research on this topic. He quoted mostly from Yangon, National Archive Department, Chin Files at Historical Research Centre, Yangon le University Historical Research Center, Yangon.
3. U Vum Thu Maung speech published in the Falam Centenary Magazine.
4. U Vum Thu Maung Memoir written in 1964.
5. Private Archives.


# စာ (၁၁) မှ ချင်းပြည်နယ်မှာရှိတဲ့ ကျောင်း ၁၀၀ ဝန်းကျင်ကို အဆင့်မြှင့်တင်ရန် လုပ်ဆောင်နေ အဆက်

ပေးရင်တော့ ကိုယ့်ရွာနဲ့ကိုယ်ကျောင်းကောင်းကောင်းတက်လို့ရပြီ။ ချင်းတောင်လိုမျိုး အဝေးကြီး သွားတက်စရာမလိုတော့ဘူး။ သူများရွာမှာ ၈တန်းလောက်ထိသွားတက်ရတဲ့ကလေးတွေက ကိုယ့်ရွာမှာ၈တန်းထိဖွင့်ပြီဆိုတော့ ကိုယ့်ရွာနဲ့ကိုယ်တက်လို့ရပြီပေါ့။ ပညာရေးက ပိုအားကောင်းလာမှာပေါ့နော်” လို့ ဆက်ပြောပါတယ်။

ကျောင်းအဆင့်မြှင့်တင်မှုကို ၂၀၁၇–၂၀၁၈ပညာသင်နှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်လျှင် ကျောင်း ဆောင်အသစ်တွေတိုးချဲ့မှုကို အစိုးရထံတင်ပြပြီးဆက်လက်လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

၂၀၁၇–၁၈ ပညာသင်နှစ်မှာ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းမှ အဆင့်မြှင့်တင်ဖို့ လိုအပ်ကြောင်း ဝန်ကြီးဌာနသို့ တင်ပြထားသည့် ကျောင်းပေါင်း ၁၁ကျောင်းရှိပြီး အထက (ခွဲ)မှ အထက တစ်ကျောင်း၊ အလက (ခွဲ)မှ အလက သုံးကျောင်း၊ အမကမှ မူလွန် သုံးကျောင်း၊ အမက (ခွဲ)မှ အမက လေးကျောင်းရှိပါတယ်။

ပလက်ဝမြို့နယ်အတွင်းမှာမူ အလက မှ အထက (ခွဲ) နှစ်ကျောင်း၊ အလက(ခွဲ)မှအလက၁၂ကျောင်း၊မူလွန်မှ အလက (ခွဲ) ငါးကျောင်း၊ အမကမှ မူလွန် ငါးကျောင်း နှင့် အမက (ခွဲ)မှ အမက ၁၆ ကျောင်းရှိတယ်လို့ ချင်းဝန်ကြီးရဲ့ ပြောပြချက်အရ သိရပါတယ်။ ***mizzima***■

# ချင်းအမျိုးသားနေ့ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဟု ချင်းပြည်နယ်ဝန်ကြီးပြော

၀၇ ဖေဖော်ဝါရီလ ၂၀၁၇

ဖေဖော်ဝါရီလ ၂၀ရက်တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ ကျင်းပမည့် ချင်းအမျိုးသားနေ့အတွက် အဆင်သင့် ဖြစ်နေပြီဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က မဇ္ဈိမကို ပြောပါတယ်။

ချင်းအမျိုးသားနေ့နှင့်အတူ ဖလမ်းမြို့တည်နှစ် ၁၂၅ နှစ်ပြည့်ကိုလည်း တွဲဖက်ကျင်းပသွားမယ်လို့ သိရပါတယ်။ ချင်းအမျိုးသားနေ့ပွဲအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြမယ့် ဧည့်သည်များအတွက်လည်း ဖလမ်းမြို့နယ်မှာရှိတဲ့ တည်းခိုခန်းတွေကို ဧည့်သည်တွေ တည်းခိုရေး အဆင်ပြေစေရန် ဦးစားပေးလုပ်ဆောင်နေတယ်လို့လည်း ပြောပါတယ်။

“ဒီပွဲအတွင်းမှာ အားကစားပြိုင်ပွဲတို့ ပြခန်းတို့ ဒါတွေကိုလည်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြစ်အောင် လုပ်နေတာပေါ့။ မြို့ထဲမှာ သွားရေးလာရေး အဆင်ပြေအောင်လည်း လမ်းချဲ့တာ လိုအပ်တဲ့ တည်ဆောက်မှုတွေ လုပ်တာ ဒါတွေလည်း လုပ်နေပါတယ်”ဟု ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောပါတယ်။

ယခင်နှစ်က ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်မင်းတပ်မြို့မှာ ပြုလုပ်ခဲ့ပြီး လာမည့်နှစ်တွင် ချင်းပြည်နယ် တောင်းပိုင်းရှိ မြို့နယ်တစ်ခုခုတွင် ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။ ***mizzima***■


“ဒီပွဲအတွင်းမှာ အားကစားပြိုင်ပွဲတို့ ပြခန်းတို့ ဒါတွေကိုလည်း စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြစ်အောင် လုပ်နေတာပေါ့။ မြို့ထဲမှာ သွားရေးလာရေး အဆင်ပြေအောင်လည်း လမ်းချဲ့တာ လိုအပ်တဲ့ တည်ဆောက်မှုတွေ လုပ်တာ ဒါတွေလည်း လုပ်နေပါတယ်”

## အော်စကာဆုပေးပွဲအား စီစဉ်သူများမှ အနုပညာလွတ်လပ်ခွင့်အတွက် တောင်းဆိုကြ




အော်စကာဆုပေးပွဲ စီစဉ်သည့် အဖွဲ့အစည်း၏ ထိပ်သီးပိုင်းက ပြီးခဲ့သော တနင်္လာနေ့၌ ကွဲပြားခြားနားမှုနှင့် လွတ်လပ်စွာဖော်ပြနိုင်ခွင့်အတွက် တောင်းဆိုခဲ့ပြီး အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာတစ်ဝန်းမှ အနုပညာရှင်များ၏လမ်းကြောင်း ထဲသို့ အတားအဆီးများကို ချမထားသင့်ကြောင်းပြောခဲ့သည်။

လှုပ်ရှားမှုဓာတ်ပုံနှင့်သိပ္ပံအကယ်ဒမီ၏ ဥက္ကဋ္ဌဖြစ်သူ ရှာလီဘွန်းနီအိုင်းဆိုက်က အော်စကာဆုအတွက်လျာထားခြင်းခံရသောမင်းသားများနှင့် ရုပ်ရှင်ဖန်တီးသူစုစုပေါင်း၁၆၅ဦးအား ယနေ့ကမ္ဘာတွင် အနုပညာလွတ်လပ်ခွင့်အတွက် ရုန်းကန်နေရပြီး ၁၉၅၀ ခုနှစ်များက ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် အမည်ပျက်စာရင်းသွင်းခံခဲ့ရသော အချိန်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက အရေးတကြီး အခြေအနေသို့ ပိုမိုရောက်ရှိလာပြီဖြစ်ကြောင်းပြောခဲ့သည်။

ဆုအတွက် လျာခြင်းခံရသည့် အနုပညာရှင်များအား ဘီဗာလီဟေးလ်၌ မိန့်ခွန်းပြောကြားစဉ်တွင် အိုင်းဆက်က အခန်းထဲမှာရှိသော ခုံအလွတ်တွေဟာ ရောက်မလာနိုင်သော အနုပညာရေးတက်ကြွလှုပ်ရှားသူတွေရဲ့ ခုံတွေဖြစ်ပါတယ်ဟု ပြောခဲ့သည်။

The Salesman ဇာတ်ကားဖြင့် နိုင်ငံခြားဘာသာစကားပြော အကောင်းဆုံးရုပ်ရှင်ဆုအတွက် လျာထားခံရသော အီရန်ဒါရိုက်တာဖာဟာဒီနှင့် မင်းသမီးတာရာနာအလီဒွတ်စ်တီတို့သည် ဒေါ်နယ်ထရမ့်၏ မွတ်စလင်အများစု နေထိုင်ရာနိုင်ငံမှသူများအား ခရီးသွားလာခွင့် ပိတ်ပင်သည့်အမိန့်ကို ဆန့်ကျင်သည့်အနေဖြင့် အကယ်ဒမီဆုပေးပွဲအားသပိတ်မှောက်ခဲ့ကြသည်။ ဆီးရီးယားပြည်သူများအား ကယ်တင်သည့် စေတနာ့ဝန်ထမ်းများအကြောင်း မှတ်တမ်းရုပ်ရှင်ရိုက်ကူးထားသည့်သူများသည်လည်း အော်စကာဆုအတွက် လျာထားခြင်းခံရသော်လည်း လော့စ်အိန်ဂျယ်လိစ်သို့ အရောက်လာခဲ့ ရန်အတွက် အခက်အခဲများရင်ဆိုင်နေရသည်။ *mizzima*

## မင်းသမီးအင်ဂျလီနာဂျိုလီက ဒေါ်နယ်ထရမ့်၏ ခရီးသွားလာခွင့်ပိတ်ပင်မှုအား ဝေဖန်ပြစ်တင်




လူ့အခွင့်အရေးအားပေးသူ မင်းသမီးအင်ဂျလီနာဂျိုလီသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မွတ်စလင်အများစု နေထိုင်ရာတိုင်းပြည်များမှ ခရီးသွားသူများအား လာရောက်ခွင့်ပိတ်ပင်ခြင်း အထူးအမိန့်သည် အားနည်းသော ဒုက္ခသည်များအား နာကျင်ထိခိုက်စေနိုင်ပြီး အစွန်းရောက်ဝါဒကို အားပေးလိုက်ခြင်းဖြစ်သည်ဟု ပြီးခဲ့သော ယမနေ့က ပြောခဲ့သည်။

ဒုက္ခသည်များအတွက် ကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံးမှ အထူးသံတမန်အဖြစ် တာဝန်ထမ်းဆောင်နေသောဂျိုလီကထရမ့်၏ နာမည်အားတိုက်ရိုက်ပြောကြားဝေဖန်ခဲ့ခြင်း မရှိသော်လည်း ဘာသာတရားကို အခြေပြု၍ခွဲခြားဆက်ဆံခြင်းသည် မီးနှင့်ကစားခြင်းသာဖြစ်သည်ဟု သူမ၏ အမြင်အား နယူးယောက်တိုင်းမ်သို့ ပြောခဲ့သည်။

အော်စကာဆုရှင်နှင့် ကလေးခြောက်ဦးမိခင်ဖြစ်သူဂျိုလီက "ကျမရဲ့ သားသမီးတွေဟာ နိုင်ငံရပ်ခြားမှာမွေးဖွားခဲ့တာ ဖြစ်ပေမယ့် အမေရိကန်နိုင်ငံသားဖြစ်ရတာကို ဂုဏ်ယူနေကြသူတွေပါ" ဟုပြောခဲ့ပြီး သူမရဲ့ နိုင်ငံဟာလုံခြုံမှုရှိဖို့ လိုအပ်ကြောင်း ယုံကြည်သော်လည်း ဆုံးဖြတ်ချက်များကို အချက်အလက်တွေအပေါ်မူတည်၍ ဆုံးဖြတ်ရမှာသာဖြစ်ပြီး အကြောက်တရားအပေါ် အခြေခံ၍ ဆုံးဖြတ်ရမှာ မဟုတ်ကြောင်းလည်း ပြောခဲ့သည်။

ထရမ့်၏ အထူးအမိန့်အရ အီရန်၊ အီရတ်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်၊ ဆီးရီးယားနှင့် ယီမင်တို့မှ နိုင်ငံသားများအား အမေရိကန်ပြည်ထောင်စုအတွင်းသို့ ရက်ကိုးဆယ်ခန့် မဝင်ရောက်ရန် တားမြစ်ထားသည်။ ၎င်းအပြင် ဒုက္ခသည်ခေါ်ယူခြင်းအစီအစဉ်အား ရက်၁၂၀ ခန့် ဆိုင်းငံ့ထားပြီး ဆီးရီးယားမှ ဒုက္ခသည်များခေါ်ယူခြင်းအား လုံးဝတားမြစ်ထားသည်။ *mizzima* ■

## မီလန်မြို့မှာ ချစ်သူနဲ့ အတူ ပျော်ပါးနေတဲ့ ခရစ်စတင်းစတီးဝပ်



Twilight ဇာတ်ကားနဲ့ အောင်မြင်မှုတွေကို ရယူခဲ့နိုင်တဲ့ မင်းသမီးချော ခရစ္စတင်းစတီးဝပ်ဟာ သူ့ကိုယ်သူ lesbian လို့ ခံယူထားတာကြာမြင့်ခဲ့ပါပြီ။


အခုတော့ သူမဟာ ချစ်သူဖြစ်တဲ့ စတယ်လာမက်ဖ်ဝဲလ်နဲ့အတူ လက်တွဲလျက်ရှိပြီး သူတို့နှစ်ယောက်နမ်းနေတဲ့ပုံရိပ်တွေကို မီလန်မြို့က လေဆိပ်မှာ ပါပရာဇီတွေက အမိအရရိုက်ယူထားနိုင်ခဲ့ပါတယ်။

ခရစ္စတင်းဟာဆံပင်ကိုအနောက်လန် Bomber ဂျက်ကက်အနက်ရောင်ကို ဝတ်ဆင်ထားတဲ့ အပြင် နေကာမျက်မှန်တစ်လက်ကိုလည်း တပ်ထားတာကြောင့် သူ့ပုံစံကြည့်ရတာကတော့လုံးဝယောက်ျားလေးဆန်နေခဲ့ပါတယ်။

စတီးဝပ်နဲ့ မက်ဖ်ဝဲလ်တို့ဟာ မနှစ်က မေလတည်းက တွဲခုတ်နေကြတာဖြစ်ပြီး ခရစ္စတင်းဟာ မက်ဖ်ဝဲလ်နဲ့ မတွေ့ဆုံခင်မှာ ကောင်မလေးပေါင်းများစွာကို ဒိတ်လုပ်ခဲ့တာပါ။ ခရစ်စတင်းဟာ Twilight မင်းသားချော ရောဘတ် ပတ်–တင်ဆန်နဲ့ လမ်းခွဲပြီးတဲ့နောက်မှာ အခုလိုပုံစံဖြစ်သွားတာလည်း ဖြစ်ပါတယ်။■

သစ်ထူးလွင်

## အသက် ၁၀၀ပြည့်မွေးနေ့ပွဲအတွက် သီချင်းခွေသစ် ဖြန့်ချိမည့် ဗြိတိန်အဆိုတော် ဗာရာလင်း



ဗြိတိန်ဂန္ထဝင်အဆိုတော် ဗာရာလင်းသည် သူမ၏ အသက်၁၀၀ပြည့် မွေးနေ့ပွဲအား မှတ်တမ်းသီချင်းခွေသစ်ဖြန့်ချိခြင်းဖြင့် ဆင်နွှဲသွားဖို့ပြင်ဆင်ထားပြီး ထိုဂန္ထဝင်သီချင်းခွေသစ်သည် စစ်တွင်းကာလကတည်းကသီချင်းဆိုခဲ့သည့်အဆိုတော် သူမအတွက်တော့ ဗြိတိန်အယ်လ်ဘမ်ဇယား၌ ပထမဦးဆုံးရာပြည့် အဆိုတော်တစ်ဦး၏ အခွေဖြစ်လာမည်ဖြစ်သည်။

"Forces sweetheart" ဟုလူသိများသည့်သူမသည် "Vera Lynn 100" ဟု အမည်ပေးထားသော "We'll Meet Again" နှင့် "Sailing" စသည့်ပေါက်သီချင်းများပါဝင်သည့် မှတ်တမ်းအခွေအား သူမ၏ ရာပြည့်မွေးနေ့ မရောက်ခင်သုံးရက်အလို မတ်လ ၁၇ရက်နေ့၌ ဖြန့်ချီသွားဖို့ စီစဉ်ထားပါသည်။

"ပရိတ်သတ်များဟာနှစ်ပေါင်းများစွာအကြာက သီချင်းတွေကို ကြိုက်နှစ်သက်နေဆဲဖြစ်တယ်ဆိုတာကို ကြားရတာအလွန်ကိုဝမ်းသာမိပြီးဟိုးအချိန်တွေတုန်းက ခံစားချက်တွေကို ပြန်ခံစားမိပါတယ်" ဟု သူမကပြောခဲ့သည်။

"ကျွန်မဟာ အဆိုတော်တစ်ယောက်အနေနဲ့ ကျွန်မအလုပ်ကို ကျွန်မလုပ်တာပါ။ ကျွန်မရဲ့သီချင်းတွေကို ပုံစံအသစ်တွေနဲ့ အလွန်ကို နားဝင်ချိုစွာပြန်လည်နားဆင်ရတာဟာ ကျွန်မအတွက်တော့ တကယ့်ကို ရင်သပ်ရှုမောဖွယ်ရာတွေပါပဲ" လို့ သူမက ဆက်ပြောခဲ့သည်။

*mizzima*

## မာလဝီမှ ကလေးနှစ်ဦးအား မွေးစားရန် မက်ဒေါနား ခွင့်ပြုချက် ရရှိခဲ့

နာမည်ကျော်အဆိုတော် မက်ဒေါနားအား မာလဝီနိုင်ငံမှ ကလေးနှစ်ဦးကို မွေးစားရန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တရားရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှ ကြေညာခဲ့ပါသည်။

အဆိုပါခွင့်ပြုချက်အားမာလဝီနိုင်ငံတော်တရားရုံးမှ ပြီးခဲ့သော တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုတော်မက်ဒေါနားသည် အရင်တုန်းကလည်း အာဖရိကနိုင်ငံမှ ကလေးနှစ်ဦးအားမွေးစားခဲ့ဖူးပြီး၎င်းတို့မှာ၂၀၀၆ခုနှစ်တွင် မွေးစားခဲ့သောဒေးဗစ် အမည်ရှိ ယောကျ်ားလေးတစ်ဦးနှင့် ၂၀၀၉ ခုနှစ်တွင် မွေးစားခဲ့သော မာစီ အမည်ရှိ မိန်းကလေးတစ်ဦးတို့ ဖြစ်ကြသည်။

မာလဝီဂျူရီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမ်လန်ဂါအမ်ဘူလာက လီလွန်ဂဝီရှိတရားရုံးတွင် အဆိုပါ ခွင့်ပြုမိန့်အား ပေးအပ်ခဲ့ချိန်၌ မက်ဒေါနားသည် ရုံးတော်အတွင်း၌ ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။

"ကျနော်တို့သူမကို ခွင့်ပြုမိန့် ပေးခဲ့တဲ့အချိန်မှာ သူမဟာ ရုံးတော်ထဲမှာ သူမ၏ ရှေ့နေများနှင့်အတူ ရှိနေခဲ့ပါတယ်" ဟု မစ္စတာအမ်ဘူလာက ပြောခဲ့သည်။

ပြီးခဲ့သောလကလည်း မက်ဒေါနားသည် မာလဝီနိုင်ငံမှ ကလေးနှစ်ဦးအား မွေးစားတော့မည်ဆိုသော သတင်းများကို မာလဝီနိုင်ငံသို့ ရန်ပုံငွေကိစ္စဖြင့် အလည်အပတ်လာရောက်စဉ်တွင် ငြင်းဆန်ခဲ့ဖူးပါသည်။ *mizzima*



# စာ (၈) မှ နယ်ချဲ့တော်လှန်သော ချင်းအမျိုးသားနေ့ အဆက်

၁၃၉ ဥပဒေအတိုင်း ဘုရင်ခံစံနစ်ဖြင့် အုပ်ချုပ်ရန်ဖြစ်သည်။ ချင်းတောင်တန်းကို ခြေကုတ်ယူလျက် ဗြိတိသျှအစိုးရအား အမျိုးမျိုးဖြင့်တိုက်ဝင်နေသော ဦးဝမ္မသူးမောင်းကို(နာမည်ပျက်စာရင်း)နိုင်ငံတော်ပုန်ကုန်သူအဖြစ် (ရန်သူတော်အမှတ် –၁)စာရင်းတွင် ထည့်သွင်း၍ ဖမ်းမိသူကို (၅၀၀၀) ကျပ်၊ အသေရခေါင်းဖြတ်ယူလာသူအား ဆုငွေ (၁၀၀၀) ကျပ်ပေးမည် ဟုရေးဆွဲ၍နောက်ပြောင်ပြီးအင်္ဂလိပ်များယူဆောင်လာကြသည်။ ၁၉၄၃ ဇူလိုင်လ (၂၅) ရက်တွင် သခင်အောင်ဆန်းသည် ဗိုလ်လင်းနှင့် ရဲဘော်ဟုန်းလောအွမ်ကို ဦးဝမ္မသူးမောင်းထံ စေလွှတ်၍ တိုင်း(၇) ဗိုလ်မှူးအောင်တပ်နှင့်ပူးပေါင်း၍ ဆက်လက်တော်လှန်ရန် တာဝန်ပေးသည်။

ဦးဝမ္မသူးမောင်းသည် ၁၉၄၅ မတ်လတွင် ဖက်ဆစ်တော်လှန်ရေးပြီးဆုံးသဖြင့် ချင်းအမျိုးသားဘီအိုင်အေ တပ်မတော်(၃၇၂) ယောက်ကို ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ သွတ်သွင်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေးဆုံးခန်းတိုင်၍ ပြန်ဝင်လာသော ဗြိတိသျှတို့၏ ရန်သူအမှတ်–၁ သတ်မှတ်ခံ၍ အသက်အန္တရာယ်ကြီးမားလှသော ဦးဝမ္မသူးမောင်းထံ ချင်းအမျိုးသား ဗိုလ်ကျော်ဦးနှင့် ရဲဘော် (၄)ယောက် ဖြင့် အခေါ်လွှတ်လိုက်သည်။ ဦးဝမ္မသူးမောင်းသည် လောင်းဝစ်လမ်းရှိ ပြည်သူ့ရဲဘော်ဌာနချုပ်တွင် ရိက္ခာ မှူးတာဝန်ဖြင့်နေစဉ် သူနေအိမ်ကြီးပါ အိမ်တစ်လုံးစာပျဉ်ပုံနှင့် အိမ်ထဲပစ္စည်းလျောင်ပိတ် မီးတင်ရှို့ခြင်း ခံရသဖြင့် ကာလတန်ဖိုး ကျပ်နှစ်သောင်းခန့် ဆုံးရှုံးသည်။ ၁၉၄၆ ဇန္နဝါရီလတွင် ဖဆပလ အဖွဲ့ချုပ်ကြီးသို့ ဝင်ရောက်ခဲ့သော ချင်းအမျိုးသား ခေါင်းဆောင် ဦးဝမ္မသူးမောင်းက ဦးဆောင်၍ ဝမ္မသူးရွာတွင် လူထုညီလာခံ ကြီးတရပ်ကျင်းပပြုလုပ်ကာ မိမိကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဦးကီယိုမန်း (ဟားခါး)၊ ဦးကီးဖေလိန်း၊ ဦးအွမ်နိန်၊ ဦမနားကီး၊ ဦးလိန်းဇေ၊ ဦးဟုန်းဒိုင်းတို့ အမှုဆောင်များအဖြစ်ပါဝင်သော ချင်းတောင် ဖဆပလကိုဖွဲ့စည်းကြသည်။ ဗြိတိသျှတို့၏ စက္ကူဖြူ အုပ်ချုပ်မှုစီမံကိန်းကို ၁၉၄၆ ဇွန်လ (၂၉) ရက်နေ့တွင် တိုင်းရင်းသားပေါင်းစုံ လူပေါင်းတစ်သောင်းကျော် တက်ရောက်သော လူထုအစည်းအဝေးပွဲကြီးမှ ကန့်ကွက်ဆန္ဒပြကြသည်။

ထို့ကြောင့် ဗြိတိသျှတို့သည် ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ဘုရင်ခံဒေါ်မန်စမစ်အားအခြေအနေအရ အင်္ဂလန်သို့ပြန်ခေါ်ကာ သူ့နေရာတွင် ဘုရင်ခံသစ်ဖြင့် မြန်မာနိုင်ငံပြဿနာများကိုဖြေရှင်းပေးရေးအတွက် ဆာဟူးဘရန့်ကို အင်္ဂလန်အစိုးရသို့လွှတ်သည်။

၁၉၄၅ဩဂုတ်လ(၁၉)ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းသည်တိုင်းရင်းသားခေါင်းဆောင်များ၊အသင်းသူအသင်းသားများ၊ အသင်းအဖွဲ့နှင့် နိုင်ငံသူနိုင်ငံသားများပါဝင်သည့် နေသူရိန်ညီလာခံကြီးတစ်ရပ်ကို ရန်ကုန် ကန်တော်ကြီးစောင်းရှိ (နေသူရိန်စက်ရုံကြီး)အတွင်း၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပလိုက်ကြသည်။ ထိုညီ လာခံသို့ ဦးဝမ္မသူးမောင်း တက်ရောက်၍ တောင်တန်းများကိုယ်စား မြန်မာနိုင်ငံလွတ်လပ်ရေးအဆိုကိုတင်သွင်းခဲ့သည်။ ၁၉၄၆ ဇန္နဝါရီလ (၂၀)ရက်နေ့တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ကျင်းပသော ဖဆပလ အဖွဲ့ချုပ် ညီလာခံသို့ ဦးဝမ္မသူးမောင်းကိုယ်တိုင်တက်ရောက်၍ မြန်မာနိုင်ငံလွတ်လပ်ရေးအဆိုကို ချင်းအမျိုးသားများကိုယ်စား ထောက်ခံတင်ပြခဲ့သည်။ ၁၉၄၆ စက်တင်ဘာလ (၂၆) ရက်တွင် လန်ဒန်မြို့ရှိ ဗြိတိသျှဗဟိုအစိုးရ၏ ညွှန်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့ကို အာဏာလွှဲပြောင်းပေးအပ်သည်။ ထိုအချိန်တွင် မစ္စတာအက်တလီ ခေါင်းဆောင်သော အစိုးရက အင်္ဂလန်နိုင်ငံအုပ်ချုပ်နေချိန်ဖြစ်၍ ဒီဇင်ဘာ(၂၀) ရက်တွင်ဗမာ့လွတ်လပ်ရေးအတွက်ဆွေးနွေးရန်ဗိုလ်ချုပ်အောင်ဆန်းကိုဖိတ်ကြားသည်။ ၁၉၄၇ ဇန္နဝါရီလ(၁၃)ရက်မှ(၂၇) ရက်နေ့အထိ ညှိနှိုင်း၍ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ဗြိတိသျှတို့သည် မြောက်ပိုင်းချင်းတောင်တွင်ခြေကုတ်ယူအမာခံတည်ဆောက်ရေးအတွက်ပထမကမ္ဘာစစ်ပြီးဆုံးသည်နှင့်တဆက်တည်းကလေးမှအိန္ဒိယနယ်စပ်မောရေးမြို့အထိ(၉၆)မိုင်ကတ္တရာလမ်းတူးဖောက်ခြင်း၊ ဒုတိယ ကမ္ဘာစစ်အတွင်းကလေးမှတီးတိန်၊တွန်းဇံကိုဖြတ်၍အိန္ဒိယနယ်စပ်ကျီခါးသို့မြေသားလမ်းတူးဖောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ဤသည်တို့ကိုအကြောင်းပြု၍၁၂–၂–၁၉၄၇ ရက်တွင်ကျင်းပသည့် ပင်လုံညီလာခံတွင် တောင်ပေါ် မြေပြန့်တချိန်တည်း လုံးဝလွတ်လပ်ရေးအတွက်ချင်းတောင်ကိုယ်စားပြုဖလမ်းမှဦးလှူရ်မှုန်၊ဟားခါးမှဦးကီယိုမန်း၊ တီးတိန်မှ ဦးတောင်ဇခပ်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၄၇ ဧပြီလ(၇) ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို၉–၆–၁၉၄၇မှ၂၄–၉–၁၉၄၇ရက်အထိ လွှတ်တော်၌ ရေးဆွဲအတည်ပြုကြသည်။ ဥပဒေ အခန်းပေါင်း (၁၄) အပိုဒ်ပေါင်း (၂၃၄) ရှိသည့်အနက် အခန်း (၅) အပိုဒ် ၁၅၆–၁၈၇ နှင့် ၁၉၈ အရ ချင်းဝိသေသတိုင်းနှင့် ချင်းကောင်စီဖြစ်ပေါ်လာသည်။ ၁၉၄၇ မတ်လ (၃) ရက်မှ (၅) ရက်အထိ ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံကို ထီးလင်းမြို့၌ စည်းကားသိုက်မြိုက်စွာကျင်းပကာ အထိမ်းအမှတ်ကျောက်တိုင်ကို သမိုင်းဝင်စိုက်ထူခဲ့ကြသည်။ ဗမာဖက်မှ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဒီဒုတ်ဦးဘချို ခေါင်းဆောင်၍ လူပေါင်းခြောက်ထောင်ခန့် တက်ရောက်၍ချင်းအမျိုးသားမှဦးဝမ္မသူးမောင်ခေါင်းဆောင်ကာ လူထုငါးထောင်ခန့် စုစုပေါင်း တစ်သောင်းခန့်တက်ရောက်ခဲ့သည်။

၁၉၄၈ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ချင်းတောင်၊ ဖလမ်းမြို့၌ လူပေါင်းငါးထောင်ကျော် တက်ရောက်သော ညီလာခံ၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချင်းရေးရာဝန်ကြီးကိုယ်တိုင်တက်ရောက်၍ မြန်မာနိုင်ငံလုံးဝ လွတ်လပ်ရေး ရကြောင်း ကြေညာခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ တိုက်သူကြီးများ၏ ဗျူရိုကရေစီ အုပ်ချုပ်ရေး စံနစ်ပယ်ဖျက်၍ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားဖြင့် အစားထိုးအုပ်ချုပ်ရန် အဆိုတင်သွင်းခြင်းနှင့်လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံ၍ အတည်ပြုခြင်းတို့ကိုသမိုင်းဝင်မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်(၁၉) ရက်တွင် ခေါင်းဆောင်ကြီးများလုပ်ကြံခံရခြင်း၊ ၁၉၄၈ မတ်လ (၂၈) ရက်တွင် သခင်သန်းထွန်းနှင့် သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီလက်နက်ကိုင် တောခိုပုန်ကန်ခြင်း၊ ၁၉၄၉ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကရင်တပ်ရင်း ခွဲထွက်ပုန်ကန်ခြင်းစသည့် ပြည်တွင်းစစ်မီး အရှိန် မြင့်တက်နေချိန်ဖြစ်သည်။

ချင်းရေးရာဝန်ကြီး၏ လွှတ်တော်နှစ်ရပ်စုံညီအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း၍တညီတညွတ်တည်းသဘောတူဆုံးဖြတ်ထားသော (နယ်ချဲ့တော်လှန်သောချင်းအမျိုးသားနေ့)ကို ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင်မင်းတပ်မြို့၌ ပထမအကြိမ်အဖြစ် စည်းကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချင်းရေးရာဝန်ကြီးတို့ တက်ရောက်၍ နိုင်ငံတော်သမ္မတနှင့် ပြည်နယ်ဝန်ကြီးတို့က သဝဏ်လွှာများ ပေးပို့ကြသည်။ ထိုနေ့ကို အစွဲပြု၍ မြန်မာ့စွယ်စုံကြမ်းအတွဲ(၂)ချင်းလူမျိုးစာမျက်နှာ(၃၉၅) တွင် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို ‘ချင်းအမျိုးသားနေ့’ဟုပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားလေသည်။ ချင်းအမျိုးသားနေ့၏ အနှစ်ချုပ်အကြောင်းခံ အချက်(၃) ချက်ရှိပါသည်။

(၁) ခမညဖ ၏ ၂၃–၁၁–၁၉၃၈ ရက် ကန်ပက်လက်သပိတ်ကြောင့် ၂၀–၂–၁၉၃၉ ရက် အဖွဲ့ခေါင်းဆောင် (၉) ဦး ဖမ်းဆီးအကျဉ်းချုပ်ခံရခြင်းကို ၂၅–၂–၁၉၃၉ ရက်တွင် သူရိယသတင်းစာ၌ ‘တော်လှန်ရေးအစ ချင်းတောင်က’ ဟု ရေးသားဖော်ပြခြင်း၊

(၂) ၁၉၄၀ ဇွန်လ (၁)ရက်တွင် ဒေါင့်ကြီးတရားပွဲ၌ချင်းတောင်(ခမညဖ)နိုင်ငံရေးလှုပ်ရှားမှုအကြောင်း ဟောပြောသည့်အတက် သခင်အောင်ဆန်းကိုဝရမ်းထုတ်ရာက ရဲဘော်သုံးကျိပ်မှ လွတ်လပ်ရေးအကျိုးဆက် ဖြစ်ပေါ်လာခြင်း။

(၃) မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်ချင်းကိုယ်စားလှယ် (၃)ဦးမှ ပင်လုံညီ–လာခံတွင် လက်မှတ်ရေးထိုးခြင်းနှင့် ၂၀–၂–၁၉၄၈ ရက် ဖလမ်းညီလာခံတွင် တိုက်သူကြီးများ၏ ဗျူရိုကရေစီအာဏာရှင်အုပ်ချုပ်ရေးစံနစ် ရပ်စဲကြောင်း ကြေညာခြင်းတို့ဖြစ်သည်။ ၁၉၅၇ ဖေဖော်ဝါရီလ (၂၀)ရက် နဝမအကြိမ်မြောက် ချင်းအမျိုးသားနေ့ကိုချင်းရေးရာဝန်ကြီးမှ(ပန်းနေ့) ဟု စိတ်ကူးယဉ်သတ်မှတ်၍ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်မှချင်းကျောင်းသားများက ဆန္ဒပြကန့်ကွက်ကြသဖြင့် ချင်းအမျိုးသားနေ့အဖြစ် ပြန်လည်ကျင်းပကြသည်။

၁၉၆၆တွင်ဖေဖော်ဝါရီလ(၂၀) ရက်နေ့ကို ဒေသပါတီဦးဆောင်မှုဖြင့် ချင်းဦးစီးအဖွဲ့က ‘ချင်းဝိသေသတိုင်းနေ့’ အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ပွဲနေ့တွင် အထူးဖိတ်ကြားခြင်းခံရသော ဦးဝမ္မသူးမောင်းက အခမ်းအနားတွင် တစ်တိုင်းပြည်လုံးက အသက်သွေးချွေးမြောက်များစွာဖြင့် ရင်းယူခဲ့သော ‘အမျိုးသားလွတ်လပ်ရေးအောင်ပွဲနေ့’ကို လွယ်လင့်တကူ အဓိပ္ပါယ်မဲ့စွာပြောင်းလဲသတ်မှတ်ခြင်းခံရသည်ကို ဝမ်းနည်းကြေကွဲရပါကြောင်း နောက်ဆုံး မိန့်ခွန်းချွေခဲ့သည်။ သူ့အား ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုလက်ဆောင်များကိုလည်း လက်မခံဘဲ ၂၃–၂–၁၉၆၆ ရက်နေ့ အပြန်ခရီးတွင်ကားမှောက်၍ ပွဲချင်းပြီးကွယ်လွန်ခဲ့ရသည်။ ထိုဖြစ်ရပ်အပေါ် မကျေနပ်ကြသောနိုင်ငံရေးသမားဟောင်း မျိုးချစ်ပုဂ္ဂိုလ်တို့က အကျိုးအကြောင်းပြန်လည်တင်ပြ၍မူလကျင်းပသည့်အတိုင်း ‘ချင်းအမျိုးသားနေ့’ ဆက်လက်ကျင်းပခွင့် ရခဲ့သည်။

၁၉၇၃ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်နေ့အဖြစ် ပြောင်းလဲ သတ်မှတ်ရန် တင်ပြရေးဆွဲသည့်အစီအစဉ်ကို မတူပီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (အမတ်ဟောင်း) ဦးမန်လျန်းက ကန့်ကွက်၍ မူလ ချင်းအမျိုးသားနေ့အဖြစ် ဆက်လက်ကျင်းပခွင့်ရပြန်သည်။ တဖန် ၂၀၀၃ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းပြည်နယ်နေ့အဖြစ် ချင်းပြည်နယ်ဝန်ကြီးအဖွဲ့က အမိန့်အာဏာဖြင့် တည်းကြပ်စွာညွှန်ကြားလာသဖြင့် အမျိုးသားနေ့မှာ တွက်ရပ်နားခဲ့ရပြန်သည်။ သို့ရာတွင် ၉–၁၂–၂၀၁၂ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် (CNF) ချင်းအမျိုးသားတပ်ဦးတို့ တတိယအကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ ချင်းအမျိုးသားနေ့ကို နှစ်စဉ်ကျင်းပခွင့် ပြန်လည်ရရှိခြင်း သည် သမိုင်းမော်ကွန်းတင်ရမည်ပင်ဖြစ်သည်။

အထူးသဖြင့် ချင်းအမျိုးသားနေ့ကို ‘တော်လှန်ရေးအစ ချင်းတောင်က’ဟု မြန်မာ့လွတ်လပ်ရေး၏ ကွင်းဆက် ဖြစ်သည်ကို အကျိုးမမြင်ဘဲ လူမျိုးရေးနှင့် အတ္တဂုဏ်ဒြပ်အတွေးပေါက်သော အကြောင်းတရားကြောင့်သာ ပေါ်တခါ မြုပ်တလှည့် ဖြစ်ခဲ့ရသည်။ မည်သို့ဆိုစေ ဘိုးဘွားဘေဘီအဆက်ဆက်က သွေးချောင်းစီးမျက်ရည်အိုင်ခဲ့ရသည့်(နယ်ချဲ့တော်လှန်သော ချင်းအမျိုးသားနေ့)သည် ကမ္ဘာတည်သရွေ့ တည်စေကြောင်း ဆုတောင်းတင်ဆက် အပ်ပါသည်။ ■

# ကမ္ဘာ့ဖလားအတွက် တစ်ပတ်ကို ဒေါ်လာသန်း ၅၀၀ အကုန်ကျခံပြင်ဆင်နေတဲ့ ကာတာ



၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိမယ့် ကာတာနိုင်ငံကတော့ သူတို့ရဲ့ အားကစားကွင်း တည်ဆောက်မှုနဲ့ တစ်ခြားသော ဝန်ဆောင်မှုတွေအတွက် တစ်ပတ်ကို ဒေါ်လာသန်း ၅၀၀ အထိ အကုန်ကျခံပြီး ပြင်ဆင်နေတယ်လို့ သိရပါတယ်။ အံ့ဩစရာကောင်းတဲ့ဘတ်ဂျက်ကို အသုံးပြုပြီး အခုလိုပြင်ဆင်နေတာပါလို့ ပြောရေးဆိုခွင့်ရှိသူ အလီရှာရီဖ်အယ်လ်အမ်မဒီက ပြောပါတယ်။

"ကျွန်တော်တို့ရဲ့ အသုံးစရိတ်က တစ်ပတ်ကိုဒေါ်လာသန်း၅၀၀လောက်ရှိနေတယ်။ တစ်ပတ်ကိုဒီအတိုင်းသုံးသွားပြီး နောက်ထပ်လေးနှစ်အထိ ဒီအတိုင်းဆက်သွားမှာပါ။ ၂၀၂၂ ခုနှစ်မှာ အကောင်းဆုံးဖြစ်နေမယ်၊ အဆင်သင့်ဖြစ်နေမှာပါ" လို့ ပြောကြားသွားတာပါ။

ရေနံသူဌေးနိုင်ငံကတော့ ၂၀၂၂ ကမ္ဘာ့ဖလားအတွက် ဒေါ်လာ ဘီလျံ ၂၀၀ အထိ သုံးစွဲသွားဖို့ အဆင်သင့်ဖြစ်နေပြီး သူတို့ရဲ့ ပရောဂျက်တွေဟာ အားကစားကွင်းတွေသာမကပဲ ဆေးရုံသစ်တွေ၊ လေဆိပ်သစ်တွေနဲ့ လမ်းသစ်တွေကို တည်ဆောက်ဖို့ရှိနေတာကြောင့် အခုလိုပဲ ငွေကြေးကုန်ကျမှုများပြားနေတာပါ။ ဒါ့အပြင် ကာတာနိုင်ငံဟာ ၂၀၂၂ ကမ္ဘာ့ဖလားအတွက် ကုန်ကျစရိတ်ရဲ့ ၉၀ ရာနှုန်းအထိ ပေးချေပြီးဖြစ်တယ်လို့ အမ်မာဒီက ပြောပါတယ်။

ကျွန်တော်တို့ နိုင်ငံကို လာတဲ့သူတွေအားလုံးကို တစ်ခြားကမ္ဘာရောက်သွားသလို ခံစားသွားစေရပါလိမ့်မယ်လို့လည်း ထပ်လောင်းပြောသွားပါတယ်။ ကာတာကမ္ဘာ့ဖလားကတော့ ကုန်ကျစရိတ်အများဆုံး ကမ္ဘာ့ဖလား ပြိုင်ပွဲ တစ်ခုဖြစ်လာမှာဖြစ်ပြီး အားကစားကွင်းဒီဇိုင်းတွေကလည်း ရင်သပ်ရှုမောဖွယ် ဖြစ်လာမယ်လို့လည်း သိရပါတယ်။ နိုင်ငံတကာရဲ့ အကြီးမားဆုံးပြိုင်ပွဲကို ပထမဆုံးကျင်းပခွင့်ရတဲ့ ကာတာနိုင်ငံကတော့ သူတို့အနေနဲ့ ပြိုင်ပွဲ ကျင်းပခွင့်ရရေးအတွက် FIFA ကို လာဘ်ထိုးခဲ့တယ်လို့လည်း သတင်းတွေထွက်ခဲ့ပါသေးတယ်။ နိုင်ငံတကာကတော့ အရမ်းကို ပူပြင်းတဲ့ ရာသီဥတုကြောင့် ဒီလိုနေရာမှာ မကျင်းပသင့်ဘူးလို့ ဝေဖန်ခဲ့ကြပြီး ကာတာနိုင်ငံကတော့ ဝေဖန်သံတွေ တိတ်ဆိတ်သွားအောင် အကောင်းဆုံး ပြင်ဆင်မှုတွေကို ငွေလမ်းခင်းပြီး မွမ်းမံလျက် ရှိနေပါတယ်။ သစ်ထူးလွင် ■

# ဘယ်ပရီးမီးယားလိဂ်အသင်းက ကမ္ဘာပေါ်မှာ ပရိတ်သတ်အများဆုံးလဲ?



ကမ္ဘာတစ်ဝန်းက ပရီးမီးယားလိဂ် ပရိတ်သတ်တွေကို လူမှုကွန်ယက်မှာ Followလုပ်ထားကြတဲ့နှုန်းထားနဲ့တိုင်းတာကြည့်မယ်ဆိုရင် မန်ချက်စတာယူနိုက်တက်အသင်းက အားပေးသူ၈၅သန်းကျော်နဲ့ ကမ္ဘာ့ပရိတ်သတ် အင်အား အများဆုံး အသင်းအဖြစ်နဲ့ ရပ်တည်နေပါတယ်။

နောက်မှာတော့ ချယ်လ်ဆီး အသင်းမန်နေဂျာ အန်တိုနီယိုကွန်တီက အသင်းကိုနည်းပြတဲ့ ငါးဦးမြောက်အီတာလျံနည်းပြအဖြစ် ပြီးခဲ့တဲ့ နွေရာသီက ရောက်လာပြီးနောက်ပိုင်း ချယ်လ်ဆီးအသင်းရဲ့ ရေပန်းစားမှုဟာလည်းတစ်ဟုန်ထိုးမြင့်တက်သွားခဲ့ပြီး Followersပေါင်း ၇၅သန်းအထိ ရောက်ရှိကာ ဒုတိယနေရာမှာ ရပ်တည်ခဲ့ပါတယ်။

ချယ်လ်ဆီးနောက်မှာတော့ အားလုံးထင်ကြတဲ့အတိုင်းပဲ နောက်ထပ် လန်ဒန်ကလပ်တစ်ခုပဲဖြစ်တဲ့ အာဆင်နယ်အသင်းက ပရိသတ် ၄၂.၅သန်းနဲ့ ရပ်–တည်နေခဲ့တာပါ။ အာဆင်နယ်ပရိတ်သတ်အများစုဟာ နမူနာပြရရင် အာဖရိကနိုင်ငံတွေမှာတွေ့နိုင်ပြီး အီသီယိုးပီးယား၊ ကင်ညာ၊ ယူဂန္ဓာတို့လိုနိုင်ငံတွေဖြစ်တယ်လို့ သိရပါတယ်။

လူးဝစ်ဇ်ဆွာရက်ဇ်ကစားခဲ့တုန်းက ရေပန်းစားမှုပိုမိုများပြားလာခဲ့တဲ့ လီဗာပူးကတော့ အရှိန်မကျသေးပဲ ပရိတ်သတ် ၃၂.၅သန်းရှိပါတယ်။ ဒီနှုန်းထားက မန်စီးတီးအသင်းနဲ့ အတူတူခန့်ရှိတာလည်းဖြစ်ပါတယ်။ လေ့လာမှုကို Unibet က ဘောလုံးအသင်းတွေကို Follow လုပ်ထားတဲ့ Facebook Audience အရေအတွက်ပေါ်မူတည်ပြီး ဆုံးဖြတ်ခဲ့တာပါ။

သစ်ထူးလွင်

# ပြည်ပရောက် အကောင်းဆုံးဘယ်လ်ဂျီယံ ဘောလုံးသမားဆု ကီဗင်ဒီဘရိုင်းရရှိ

မန်စီးတီးအသင်းမှ အသက် ၂၅ နှစ်အရွယ် ကီဗင်ဒီဘရိုင်းသည် ပရီးမီးယားလိဂ်ပြိုင်ဘက်ချယ်လ်ဆီးအသင်းမှ ဟာဇက်ကိုကျော်ကာ ပြည်ပရောက် အကောင်းဆုံး ဘယ်လ်ဂျီယံဘောလုံးသမားဆု ရရှိသွားသည်။

ဒီဘရိုင်းသည် ၂၀၁၅ ဩဂုတ်တွင် ဝုဖ်ဘတ်မှပေါင် ၅၄ သန်းဖြင့်ပြောင်းလာပြီးနောက် အီတီဟတ်တွင် လျှင်မြန်စွာ အခြေကျကာ ဘဝစတင်ခဲ့သည်။

အမိမြေဘယ်လ်ဂျီယံတွင်ကျင်းပသော ရွှေဖိနပ် Golden Boot ဆုပေးပွဲ အခမ်းအနားသို့ ကွင်းလယ်ကစားသမား ဒီဘရိုင်း တက်ရောက်ခဲ့ပြီး ဘယ်လ်ဂျီယံ လက်ရွေးစင်အသင်း လက်ထောက်နည်းပြအွန်နရီ၏ ဆုပေးမှုကို ကိုယ်တိုင်လက်ခံယူခဲ့သည်။

၎င်းအနေဖြင့် ယင်းဆုကို နှစ်နှစ်ဆက်တိုက်ရရှိခြင်းဖြစ်ပြီး ပြည်ပရောက် အကောင်းဆုံးဘယ်လ်ဂျီယံ လက်ရွေးစင် ကစားသမား တစ်ယောက်အဖြစ် သက်သေပြနိုင်ခဲ့သည်။



ဒီဘရိုင်းသည် ချယ်လ်ဆီး ကစားသမားနှစ်ဦးဖြစ်သည့် ဟာဇက်နှင့် တီဘော့ကော့တွိုက်စ်၊ လီဗာပူးလ်တိုက်စစ်မှူး အိုရီဂီ၊ စပါး နောက်ခံလူ အယ်လ်ဒါဝီရာတို့ကိုကျော်ဖြတ်ပြီး ဆုရခဲ့ခြင်းဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်ကစားသမားသည် လက်ရှိရာသီမန်စီးတီးအသင်း၏ ပရီးမီးယားလိဂ်ပွဲစဉ် ၂၄ ပွဲတွင် ၂၃ ပွဲ ပါဝင်ကစားထားပြီးလေးဂိုးသွင်းယူထားသည်။ *mizzima* ■

## ယခုနှစ်ရာသီတွင် မန်ယူအသင်း ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ရန် လုံလောက်သည့်အင်အားမရှိဟု မော်ရင်ဟို ဆို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ၎င်းတို့အသင်းသည် ယခုနှစ်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ရယူရန် လုံလောက်သည့် အင်အားမရှိကြောင်း ပြောဆိုလိုက်သည်။

'ဒီနှစ်မှာ ကျွန်တော်တို့ ပရီးမီးယားလိဂ်ချန်ပီယံမဖြစ်နိုင်ပါဘူး။ ဒါက အသိအသာကြီးပါ။ ချယ်လ်ဆီးအသင်းကို ဒီရာသီမှာ ကျွန်တော်တို့ လိုက်မီနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အက်ဖ်အေဖလား၊ လိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဖလား ပြိုင်ပွဲတွေမှာတော့ ကျွန်တော်တို့ ချန်ပီယံဖြစ်နိုင်ပါသေးတယ်။ ချန်ပီယံဆုကို ရရှိဖို့ ကျွန်တော်တို့ ကြိုးစားသွားမှာပါ' ဟု မော်ရင်ဟိုက ပြောဆိုခဲ့သည်။

ထို့အပြင် မော်ရင်ဟိုက အဆင့်လေးအတွင်းဝင်နိုင်ရန်မှာ အသင်း၏ အောင်မြင်မှုနှင့် တိုင်းတာ၍မရကြောင်းနှင့် လက်ရှိမန်ယူအသင်းတွင် အောင်မြင်မှုရရှိရန် လုံလောက်သည့် အတွေ့အကြုံရင့် ကစားသမားများမရှိကြောင်းပြောသည်။

'ရာသီအကုန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် အသင်းခြောက်သင်းလောက်က ယှဉ်ပြိုင်နေကြတာပါ။ အဲ့ဒီအသင်းတွေအားလုံးဟာ ရာသီမစတင်ခင်က ပြင်ဆင်မှုတွေအပြိုင်အဆိုင်လုပ်ခဲ့ကြတာပါ။

ကျွန်တော်တို့အသင်းအောင်မြင်မှုရဖို့အတွက် လက်ရှိ လုံလောက်တဲ့ အတွေ့အကြုံရင့်ကစားသမား မရှိပါဘူး။ ချန်ပီယံဆုကို ရခဲ့ဖူးတဲ့ ရွန်နီနဲ့ ကာရစ်တို့ လောက်ပဲရှိပါတယ်။ အီဗရာဟီမိုဗစ်က ချန်ပီယံဆုတွေတော့ အများကြီး ရခဲ့ဖူးပါတယ်။ ဒါပေမဲ့ တခြားကလပ်တွေနဲ့ ရခဲ့တာပါ။ ဗလင်စီယာဆိုရင်လည်း ချန်ပီယံဆုကို ရခဲ့တဲ့အကြိမ်က နည်းနည်းလေးပါ' ဟု မော်ရင်ဟိုက ပြောဆိုသွားခဲ့သည်။

*mizzima*